ကြည်ဇင်နှင်း

# နှင်းဆီရိုင်းတောကို ဖြတ်ကျော်ခြင်း

မဂ္ဂဇင်းဝတ္ထုတိုများ



## မြကေသာ နှင်းဆီပွင့်တွေနှင့်

## (၁)

အချိန်ပြည့် စာရေးဆရာဘ၀ မရောက်ခင်က ဆေးပညာနှင့် သက်ဆိုင်သော ဘွဲ့ရ ပညာရှင်များ တစ်နှစ်လျှင် ၁၅၀ နီးပါး ထုတ်ပေးသော ကျောင်းတစ်ကျောင်း၌ အချိန်ပြည့် ကျောင်းဆရာ ဖြစ်ခဲ့သည်။ ကျောင်းတွင် အနုပညာကိစ္စ တစ်ခုခုရှိလျှင် ကျွန်တော် ဝင်ပါလေ့ ရှိသည်။ စာပေ ဆွေးနွေးပွဲများ၊ စာအုပ် ထုတ်ဝေခြင်းများတွင် ကျွန်တော် တစ်နည်းမဟုတ်တစ်နည်းဖြင့် ပါဝင်ရလေ့ ရှိသည်။ ကဗျာစာအုပ်များ ထုတ်လျှင် အမှာစာ လာတောင်းကြသည်။ ကြည်သူ၊ အောင်နိုင်စန်း၊ ကနောင် မောင်ညပျော်၊ ယင်းမာ မောင်နွေမင်း၊ တင်ဆွေဦး၊ ဝေဦး စသော ကဗျာလက်ကောင်းများကို ကျွန်တော် မှတ်မိနေသည်။ ထို့အတူ ကြည်ငြိမ်း၊ ဇာဇာနွယ်၊ ဟန်ခမ်လျံ စသော စကာပြောသမားများကို မှတ်မိခဲ့သည်။

တက္ကသိုလ်တွင် အနုပညာအရပ်၌ စိတ်အေးလက်အေး ခိုကြပြီးနောက် ဘ၀ထဲသို့ ဝင်သွားကြသောအခါ အနုပညာကို ပြည်ဖုံးကားချ ချန်ထားခဲ့ရစ်သူတွေ တစ်ပုံကြီး ရှိသည်။ အများစုပင် ဖြစ်နိုင်လောက်သည်။ ကျွန်တော်က သူတို့၏ ကဗျာစာအုပ် တစ်အုပ်တွင် အမှာစာ ရေးပေးရာ၌ ကဗျာတော၊ စာတောသို့ ဝင်ခြင်းကိစ္စကို ဝိတိုရိယတောင်ထိပ်သို့ ခြေလျင်တောင်တက် အသင်းဖြင့် လိုက်သွားခြင်းမျိုး မဟုတ်ဘဲ တောင်ပေါ်သားလေး မြေပြန့်လာ စီးပွားရှာအပြီး တောင်ပေါ် ပြန်အခြေချတာမျိုးဖြစ်အောင် လုပ်ကြဖို့ ရေးဖူးပါသည်။ ကျွန်တော်တို့၏ ဘူမိနက်သန်မှ တစ်နှစ်လျှင် ဆောင်ပညာရှင် ၁၅၀ ထုတ်လုပ်နိုင်ခဲ့သည်။ တက္ကသိုလ်သက်တမ်းက ရွှေရတုကို ကျော်ဖြတ်ခဲ့ပြီ။ စာရေးဆရာ တစ်နှစ် တစ်ယောက်ပဲ မွေးထုတ်နိုင်တယ် ထား၊ ယနေ့မှာ အင်အားစု တစ်စုအဖြစ်

စာပေနယ်ကို စည်ပင်အောင် ထောက်ကူပေးနိုင်လိမ့်မည်။ လက်စွမ်းလက်စ ရှိသော မိတ်ဆွေလေးများ တောအစပ် ညောင်ညိုပင်မှာ အနုပညာနှင့် လမ်းခွဲပြီး ဘဂထဲသို့ ချိုးဝင်သွားကြသည်မှာ မြင်နေကျ ရှုခင်းတစ်ခုလို ဖြစ်နေသည်။

(၂)

မိန်းကလေးအုပ်စုထဲမှ ဇာဇာနွယ်သည် ဘဂလမ်းသစ်အတွက် နှင်းဆီရိုင်းတောကို ဖြတ်သန်းခဲ့သည်။ ထိုခရီးသည် ခရီးရှည်ကြီး ဖြစ်ပုံရ၏ ။ ဘဂတာဝန်တွေကြား ရန်းကန်လှုပ်ရှားရင်းက ငါးနှစ်နီးပါးကြာမှ ဝတ္ထုတစ်ပုဒ်။ ပြီးတော့ ပညာရပ်ဆိုင်ရာ ဆောင်းပါးများ၊ လုံးချင်းစာအုပ်များ၊ နှင်းဆီရိုင်းရနံ့ကို မေ့လျော့လောက်ပြီ ထင်ရသော တစ်နေ့တွင် သူသည် `ကြည်ဇင်နှင်း' အဖြစ် ရောက်လာခဲ့လေသည်။ နှင်းဆီရိုင်းတောကို အောင်မြင်စွာ ကျော်ဖြတ်ရင်း ကိုယ်ပိုင်ဥယျာဉ်တစ်ခုကို တည်ဆောက်လာသည်။ မဂ္ဂဇင်းများ၊ ဂျာနယ်များတွင် ပညာရပ်ဆောင်းပါးများ ပင်တိုင်ရေးရင်းက တစ်ခါတလေ ဝတ္ထုလေးတွေ တွေ့လာရသည်။ ပထမ ခပ်ကျဲကျဲ၊ နောက်တော့ ခပ်စိပ်စိပ်။ ထိုဝတ္ထုများတွင် ကလေးဆန်သော ဇာဇာနွယ်က မှုန်ဝါးသွားပြီး ရေးပုံ၊ တွေးပုံ ရင့်ကျက်လာသော ကြည်ဇင်နှင်း၏ ဟန်က ထင်ရှားလာသည်။

ကျွန်တော်နှင့် ခင်မင်သော စာရေးဆရာအချို့မှာ အတော်ဇွဲသတ္တိ ရှိကြသူများ ဖြစ်သည်။ မသန်စွမ်းခြင်း၊ ရောဂါစွဲကပ်ခြင်း စသော ကာယိက ဒုက္ခများကို ကြံ့ကြံ့ခံကျော်လွှားရင်း မဖြစ်မနေ စာရေးနေကြသူများ ဖြစ်သည်။ အလွန်အလုပ်ရှုပ်သော အထူးကုဆရာဝန်ကြီးများက ရသမျှအချိန်ကလေး လုပြီး စာရေးကြသည်။ တစ်ဦးဆိုလျှင် ဓာတ်လှေကားထဲမှာပင် ရေးရတာ တွေ့ဖူးသည်။ ကြည်ဇင်နှင်းမှာ အလုပ်အလွန်များသူ ဖြစ်ပြီး ကျန်းမာရေးတွင် ပုံမှန်လူတို့လို မဟုတ်။ နိုင်ငံခြားသို့ သွား၍ ပင် ခွဲစိတ်ကုသမှု ခံယူခဲ့ရသူ။ ခြေလှမ်း ၁ဂ လှမ်းကျော်လျှင် မောနေတတ်သူ ဖြစ်သည်။ ဤသို့ ကျန်းမာရေးနှင့် ရသမျှ အချိန်လေးအတွင်း လောဘတကြီး စာတွေ ဖတ်၊ စာတွေ ရေးသည်။ ဘာသာပြန်

သင်တန်းပင် သွားတက်လိုက်သေးသည်။ သူ ကြိုးစားနေပုံကို မြင်ရသောအခါ စာရေးရန် အပျင်းကြီးလှပြီး ဝတ္ထုဆိုလျှင် မရေးတတ်သလောက်ပင် ဖြစ်နေသော ကိုယ်ကိုကိုယ်ပင် အလွန် အားမလိုအားမရ ဖြစ်ခဲ့ရပါသည်။ ပညာရှင် စာရေးဆရာတစ်ဦး အဖြစ်နှင့်သာမက `ကြည်ဇင်နှင်း�အဖြစ်ပါ တင့်တယ်နေပြီဖြစ်သော နှင်းဆီရိုင်းတောမှ စာပေဝါသနာရှင်ကလေးအတွက် အလွန် ဂမ်းမြောက်ကြည်နူးခွင့် ဖြစ်ရပါသည်။

**(၃)**

သူ့ဝတ္ထုတိုများ၏ အရည်အသွေးကိုတော့ အကဲဖြတ်ကြည့်ကြဖို့သာ ရှိပါသည်။ သူ့ဆံပင်မှာတော့ နှင်းဆီရိုင်တစ်ပွင့်သမာက နှင်းဆီအယဉ်တွေပါ ဝေနေပြီဟု ကျွန်တော် ယူဆပါသည်။

**ကျော်စောမင်း**

**၂၀၁၁ ခုနှစ်၊ ဇွန်လ၊ ၂၈ ရက်။**

*

## နှင်းဆီရိုင်းတောကို ဖြတ်ကျော်ခြင်း

မိုးက ခပ်ကျဲကျဲ ရွာနေသည်။

သဲသဲမဲမဲ ရွာပြီးသည့်တိုင်အောင် ကောင်းကင်တစ်ပြင်လုံး ညိုမှောင်အုံ့ဆိုင်းလျက် ရှိသည်။ ညနေခင်း မိုရေးထဲမှာ ကလေးအချို့ ဘောလုံးကစားနေကြသည်။ နောက်ဘက်မှ ကားဟွန်းသံကြောင့် မွန် ဘေးသို့ဆင်းပြီး တိမ်းပေးလိုက်သည်။ လျှောက်ရင် လျှောက်ရင်းနှင့် စောင်စက် (၂)၊ စောင်စက် (၃)၊ အထွေထွေ ဖွဲ့နုဆီစက်တို့ကိုပင် ကျော်လွန်လာခဲ့ပြီ။

ကတ္တရာလမ်းမှသည် မြေနီလမ်း၊ မြေနီလမ်းမှသည် အုတ်ခဲကျိုး မညီမညာ ခင်ထားသော လမ်း။

"ရှေ့လမ်းချိုး ရောက်ရင် ဖိနပ်ချွတ်ပြီး လျှောက်ရမယ်၊ လမ်းကတော့ တအားဆိုးတယ် ဆရာမရေ"

ရှေ့မှ အလျင်စလို လျှောက်နေသော အမျိုးသမီးငယ်က စကားဆိုလာသည်။ "မိုးတွင်းပဲကွယ်၊ ကိစ္စမရှိပါဘူး" ဟု သူ့ကို အလိုက်သင့် ပြန်ပြောပြီး လုံချည်ကို တိုတိုပြင်ဝတ်လိုက်သည်။ ကန်သင်းရိုးခန့်ကျယ်သော လမ်းက မိုးရေနူးကာ ရွှံ့အထိ ဖြစ်နေသည်။ ဆေးအိတ်ဆွဲထားသော အမျိုးသမီးငယ်က မွန့်ကို စောင့်ခေါ်ရှာပါသည်။ ပခုံးသိုင်းအိတ်ကို လွယ်၊ လက်တစ်ဖက်က ထီးဆောင်း၊ တစ်ဖက်က ဖိနပ်ကိုင်ကာ မလဲမပြိုစေရန် ကြိုးစားထိန်းလျှောက်နေရသည့် မိမိပုံစံကို ပြန်ကြည့်ရင်း ကသိကအောက် ဖြစ်နေသည့်ကြားက ရယ်ချင်နေမိသည်။

မိုးက ခပ်ကျဲကျဲ ရွာနေရာမှ သဲသဲမဲမဲ ရွာလိုက်ပြန်သည်။

ငယ်ငယ်တုန်းက ဒီလိုမိုးရွာပြီဆိုမှဖြင့် အနွေးအကျႌ ဝတ်၊ ကုတင်ပေါ်တက်ပြီး စောင်ခြုံထဲမှာ အသာကွေးနေခဲ့တာ၊ မှန်ပြတင်းအပြင်က မိုးရွာနေသော ရှုခင်းကို ငေးမောလျက် စကြဝဠာအနှံ့ အတွေးတွေဖြန့်ကြက် ကွန့်မြူးစေခဲ့တာ၊ ဝတ္ထုဖတ်ရင်း အချိန်ကုန်လွန်စေခဲ့တာ။

"အမယ်လေး"

"ဟာ... ဆရာမ ချောသွားပြီ၊ ကျွန်မလက်ကို ဆွဲပြီး ထလိုက်၊ ဒီလမ်းကလည်း ဆိုးကို ဆိုးလွန်းပါတယ် တော်"

အတွေးလွန်ပြီး ချော်လဲသွားသောအဖြစ်ကို ရှက်ရှက်နှင့် ရယ်လိုက်ရသော်လည်း နာကျင်သွားရသည်မှာ အမှန်ပင်။ နောက်ထပ် စိတ်မပျံ့လွင့်အောင် သတိကြီးစွာ ထားပြီး ရှေ့သို့ ဆက်လှမ်းရသည်။ သည်လမ်းချိုး အဆုံးမှာတော့ ရေတွေ ပြည့်လျှံနေသည့် မြောင်းကြီးတစ်ခုကို ဘွားခနဲ တွေ့လိုက်ရလေသည်။

*

"မိညိုက သဦး(သားဦး) မွေးမှာလေ၊ မွေးချိန်တန်လို့ မမွေးတော့ ကျွန်မ သိပ်စိုးရိမ်လာမိတယ်၊ မိုးက ရွာ၊ လမ်းက ဆိုးနေမှန်း သိလျက်နဲ့ ဆရာမကို သွားပင့်ခိုင်းလိုက်ရတာ ၊ သိပ်အားနာပါတယ် ဆရာမလေးရယ်"

"ရပါတယ် အစ်မရယ်၊ တစ်လမ်းလုံး ဆရာမ ချောသွားပြီ၊ ဆရာမ ချောသွားပြီနဲ့ အပြောခံရလို့ မွန်က ကျေနပ်လာတာ"

"ဆရာမလေးကို ကြည့်လိုက်ရင် အမြဲ လန်းဆန်းတက်ကြွနေတာပဲ၊ မြင်ရတာ နဲ့ အားတက်လာတယ်၊ တကယ်... တကယ်"

ပျာပျာသလဲ ဂရုတစိုက် ရှိလှသော ဒေါ်စောသန်းကို ရယ်မောနှစ်သိမ့်ရင်းက ရေတွေလျှံပြီး ပေါလောမျောနေသော မြောင်းကူးသစ်လုံးကြီးပေါ်မှာ

ကြိုးတန်းပေါ် လမ်းလျှောက်သလို ဖြတ်ကူးရင်း ရင်တထိတ်ထိတ် ခုန်အောင် ကြောက်နေမိခဲ့တာကို သတိရလိုက်သေးသည်။

မိညိုကား အားကုန် မောပန်းနေပုံရသည်။ မွှန် သူ့အနားရောက်မှ မျက်ဝန်းများကို ခေတ္တ ဖွင့်ကြည့်သည်။ ဝေဒနာ ခံစားနေသည့်ကြားက အားကိုးခြင်း၊ မျှော်လင့်ခြင်း အရိပ်အယောင်တွေ ယှက်သန်းလာသလိုပင်။ ဝိုင်းအုံကြည့်ရှုနေသော မျက်လုံးများအကြားမှာ သွက်လက်စွာ စစ်ဆေးပြီး လိုအပ်သည်များကို ဆက်တိုက် ဆောင်ရွက်လိုက်သည်။

"ဆရာမ စွပ်လိုက်တဲ့ လက်အိတ်လေးက လှတယ်နော်၊ လက်မောင်းရင်းအထိ ရောက်တယ်"

"ငါ မြင်ဖူးသားပဲ၊ ဟိုတစ်ခါ ဆရာလေး ထွန်းလွင် လာမွေးပေးတုန်းကလည်း အဲဒီ လိုမျိုး လက်အိတ်စွပ်ပြီး နှိုက်ထုတ်ရတာ ကွ"

"အမေ… အရင်ဆုံးမွေးတဲ့ ဝက်ကလေး သား ယူမယ်နော်"

"ဟာ… ဒီကလေးတွေ ပါးစပ်ပိတ်ထားကြစမ်း"

ဒေါ်စောသန်းက တစ်ချက်ဟောက်လိုက်မှ ကလေးတစ်သိုက် ငြိမ်သွားကြသည်။ အလင်းရောင် တဖြည်းဖြည်း မှိန်ဖျော့ကာ အမှောင်ထုက နေရာယူလာသည်။

"အထီး ခြောက်ကောင်၊ အမ ငါးကောင် ဆရာမရေ၊ အထီးလေးတွေကိုတော့ အသားတိုး မွေးရမယ်"

မိညိုကား သူ့ရင်သွေး ဆယ့်တစ်ကောင်ကို နို့တိုက်ရင်း မှိန်းနေသည်။ မိုးက အတော်ပင် စဲသွားပြီ။ တဖွဖွ ပြောကြသော ကျေးဇူးတင်စကားများကို အသိအမှတ်ပြုလျက် ခြံအနောက်ဘက်သို့ လှမ်းမျှော်ကြည့်မိလျှင် ရေတွေ ပြည့်နေသည့် ငမိုးရိပ်ချောင်းအလျင်ကို မပီ့တပီ တွေ့မြင်ရလေသည်။

*

"ဆက်ပြီး မနှောက်ယှက်နဲ့နော်၊ လူကို ဘာအောက်မေ့နေသလဲ၊ နှမချင်း မစာနာတဲ့ သူတွေ"

ရတနာပုံ ရုပ်ရှင်ရုံရှေ့ရှိ ကားမှတ်တိုင်သို့ မွန် ရောက်သော ည ၈ နာရီခွဲလုပြီ။ မိုးတဖွဲဖွဲအောက်မှာ ကားစောင့်ရင်း စိတ်မောနေမိသည်။ လာသမျှ ကားတွေကလည်း တွယ်စီး၍ ပင် မရ။ အမျိုးသားတွေပင် မလိုက်နိုင်သည့်နောက် မွန့်အဖို့ မှတ်တိုင်မှာ ရပ်နေရရုံမျှ ရှိသည်။ သည်အချိန်မှာ အဖော်မပါ တစ်ယောက်တည်း ရပ်နေသော မိန်းကလေးတစ်ယောက်ကို နှောင့်ယှက်ရန် အခွင့်ကောင်းကြီး ဖြစ်၍ နေသည်လေ။ ခပ်ထန်ထန် အော်လိုက်တော့မှ နောက်သို့ ဆုတ်သွားကြသည်။

ဘေးနားမှ လူတချို့က စူးစမ်းသလို ကြည့်လာကြပြီး လိုအပ်လျှင် အကူအညီပေးကြမည့်ပုံ ရှိသည်မို့သာ။ တစ်ခါတရံမှာ ကြုံတွေ့ရသော သည်ဖြစ်ရပ်မျိုးတွေက မွန့်အတွက် အဆန်း မဟုတ်တော့ပေ။ လျှောက်ရမည့်လမ်းမှာ တစ်ယောက်တည်းလျှောက်ပြီး ကြိုးစားရပ်တည်ခဲ့သည်မှာလည်း ကြာခဲ့ပြီပဲ။

*

"ဇော်" တိရစ္ဆာန်ဆေးကုခန်းတွင် "ဒေါက်တာမွန်မွန်ဇော်၊ ဘီဗီအက်စ်" ဟူသော ဆိုင်းဘုတ်ကို ချိတ်ဆွဲထားခဲ့သည်မှာ တစ်နှစ်ပင် ပြည့်တော့မည်။

သည်ဆေးခန်းမှာ စထိုင်မည်ဆိုတော့ အိမ်နှင့် အချေအတင် ဖြစ်ရသည်။ ဟေးသည်၊ ပင်ပန်းသည်၊ ညဘက် အပြန်မှာ အိမ်ကလည်း လိုက်မစောင့်ရှောက်နိုင်ဟု ဆိုကြသည်။

"မွန်တို့ ကွင်းဆင်းတုန်းကဆို ဒီထက်မက အေးဟးကြီးတောင် သွားရတာ

၊ ခုဟာက အတန်းကြီးက အစ်ကို၊ အစ်မတွေ အစဉ်အဆက် ထိုင်သွားတဲ့ ဆေးခန်းမို့ လုပ်ချင်တာပါ"

မွန် ဆင်ခြေတက်မိတော့ ဖေဖေနှင့် မေမေက ဘာမှ ထပ်မပြော။

"မေမေ့သမီးတော့ သူ ရှာလို့ရတဲ့ ပိုက်ဆံ သူ့လမ်းစရိတ်၊ သူ့မုန့်ဖိုးနဲ့ သူ့ကို ဆေးပြန်ကုရတာ နဲ့ ကုန်မှာပဲ။ အဲဒီ လမ်းက ရေစက်မှတ်တိုင်လွန်ရင် ကျောက်ခဲစားသွားခေါင် အစာကြေတယ် ဆိုတဲ့ လမ်းမျိုး၊ ကြာကြာလုပ်နိုင်မှာ မဟုတ်ပါဘူး မေမေရာ"

မကြီးက မကြားတကြား ပြန်ပြော၍ မွန် စိတ်တိုရသည်။ "သင်ထားတဲ့ ပညာနဲ့ပဲ အသုံးချမှာနော်" ဟု ကြိုတင်ကြေညာထားသည်မို့ အပြင်းအထန် မတားကြသည့်တိုင် "အစမို့သာ တက်ကြွနေတာပါ၊ နောက်တော့လည်း စိတ်ပျက်လာမှာပါ" ဟု ကြိုတင်တွက်ဆလျက် စိတ်အေးနေကြပုံ ပေါ်လေသည်။

သည်လိုနှင့်ပင် မွန်တစ်ယောက် မနက်ပိုင်းမှာ ဘီဗီအက်စ်(စားဖိုမှူး) ဘ၀၊ နေ့ခင်းပိုင်းမှာ ဘီဗီအက်စ် (ပင်မင်း)ဘ၀၊ ညနေပိုင်းမှာ ဘီဗီအက်စ် (ဆရာဝန်)ဘ၀ရောက်လျက် ပုံမှန်သံသရာမှာ စတင် လည်ပတ်ခဲ့ရပေသည်။

နေ့လယ် ၂ နာရီထိုးသည်နှင့် အိမ်က ထွက်၊ လမ်းထိပ်မှတ်တိုင်ကို ခုနှစ်မိနစ်လောက် လျှောက်၊ (၄၈) ကားပေါ် တက်၊ မြေနီကုန်းမှာ ဆင်း၊ ရွှေမန်းရုံရှေ့မှာ (၄၂) ကားပေါ် တက်၊ ပုသိမ်ညွန့် ၆ လမ်းမှာ ဆင်း၊ (၃၈) ကားပေါ်တက်၊ ကားလေးဂိတ်ဆုံးမှာ ဆင်းပြီး ဗိုလ်တေဇလမ်းအတိုင်း လျှောက်မှ ဆေးခန်းကို ရောက်သည်။ ဆေးခန်းဖွင့်ချိန် ညနေ ၃ နာရီမှာ ရောက်ဖို့ အိမ်က တစ်နာရီကြိုထွက်ရသည်။ ဆေးခန်း ထိုင်ခါစက အတွေ့အကြုံတွေကို မွန် ကောင်းစွာ မှတ်မိနေသေးသည်။

*

"ဆရာဝန် မရောက်သေးဘူးလား ကလေး"

ရုတ်တရက် မွန် ကြောင်သွားသည်။ အနားမှာ ဘယ်သူမှ ရှိမနေဘဲ မွန့်ကို ရည်ရွယ်မေးမှန်း သေချာသွားမှ "ဆရာဝန်က ကျွန်မပါ" ဟု ဖြေလိုက်သည်။

"ဟေ... ဟုတ်လား၊ ဦးလေးက ဆရာမကို အိမ်ရှင်ရဲ့ ကလေးတစ်ယောက်လို့ ထင်နေတာ။ မျက်စိကလည်း တယ်မွဲသကိုး ကွယ်"

ဦးလေးကြီးက သူ့ဘာသာ ရယ်နေတော့ မွန်လည်း မချီသွားဖြဲ လုပ်နေရလေသည်။ အရယ်ရပ်ပြီးမှ ဦးလေးကြီးက စကားစသည်။

"ဆရာမလေးက ကျောင်းပြီးတာ မကြာသေးဘူး ထင်တယ်၊ ဦးလေးကတော့ မွေးမြူရေး လုပ်လာတာ ကြာပြီကွဲ့၊ ကဲ... ကွယ်... တစ်ခု မေးစမ်းပါရစေ၊ ဦးလေး ဝက်မကြီး မနေ့က သားပေါက်တယ်။ အဲဒီ ကလေးတွေရော ဝက်မကြီးကိုရော သံမံတလင်းပေါ်မှာ မွေးတယ်၊ မြေကြီးနဲ့လည်း ပေးမထိဘူး၊ ဒါဆို ဝက်ကလေးတွေအတွက် ဘာလိုမလဲ၊ ဘာလုပ်ပေးဖို့ လိုမလဲ"

မွန့်ခမျာ ကျောင်းတုန်းက ဆေးပညာ ဘာသာမှာ Special Viva မဖြေခဲ့ရသမျှ ခုမှပင် အတိုးချ၍ သံဓာတ် ချို့တဲ့မှုကြောင့် ဖြစ်တတ်သော သွေးအားနည်းရောဂါ (Iron Deficiency Anaemia) အကြောင်းကို ပြည့်ပြည့်စုံစုံ ရှင်းပြရလေသည်။ သည်တော့မှ မျက်မှောင်တွန့်ချိုးလျက် နားထောင်နေသော သူ့မျက်နှာ ပြေပြစ်လာလေသည်။

"ကဲ... ဟုတ်ပြီ၊ ဦးလေး ဝက်တစ်ကောင် ဆီးချုပ်၊ ဝမ်းချုပ် ဖြစ်ပြီး အစာမစားတာ လိုက်ကြည့်ပေးပေတော့ ဆရာမရေ"

ဟင်.. ခုနက မေးတာနဲ့ ဘာမှလည်း မဆိုင်ဘူးဟု တွေးရင်း မွန် လိုက်ကြည့်ပေးတော့ ဝက်ငယ်ကို အိမ်ရှေ့ကပြင်မှာ တွေ့ရသည်။ ဝက်ငယ်သည် ခြေလက်များ တောင့်လျက် ပါးစပ်မှ အမြှုပ်များ ထွက်နေ၏ ။ တစ်ကိုယ်လုံးတုန်၍ တက်နေပြီး ကိုယ်ခန္ဓာအပူချိန်က သာမန်ထက် အနည်းငယ် မြင့်နေသည်။ နှလုံးခုန်နှုန်းက မြန်နေ၏ ။ မျက်ခွံကို ဖွင့်ကြည့်မိပြီး မွန့်ရင်ထဲမှာ တစ်စုံတစ်ရာကို

စိုးထိတ်သွားသည်။ သို့နှင့် ပါးစပ်ကို ဆွဲဟကြည့်၏ ။ ဟ၍ မရ။

"ဆီးချုပ်၊ ဝမ်းချုပ်က ဆိုးတယ် ဆရာမရေ၊ ကျွန်တော်တို့ အတင်းနှိပ်တော့မှ ဝမ်းအတောင့်တွေ ထွက်လာတာ၊ ဝမ်းချူပြီး အားဆေးတစ်လုံးသာ ထိုးပေးခဲ့ပါဗျာ။ အရင် ဝက်တွေတုန်းကလည်း ဒီလိုပဲ ဖြစ်တတ်တယ်။ ဝမ်းချူပေလိုက်တော့လည်း ကောင်းသွားတာပဲ"

ဦးလေးကြီးက အဆက်မပြတ် ပြောနေသည်။ ကျောင်းပြီးခါစ ဆရာဝန်ပေါက်စမျှသာ ဖြစ်သော မွန်ဇော်ကို မွေးမြူရေးသမ္မာရင့်သည့် သူ့အတွေ့အကြုံ ဗဟုသုတတို့အား ဖြန့်ဝေနေလိုပုံ ရသည်။

"ဦးလေးဝက်က မေးခိုင်ရောဂါ ဖြစ်နေတာ၊ ဝမ်းချူရုံနဲ့ ကောင်းသွားမှာ မဟုတ်ဘူး"

"မေးခိုင်ရအောင် သူ့မှာ ဘာအနာမှ မရှိဘူး၊ သိပ်ကျန်းမာတာ ဆရာမရဲ့"

"ဘာလို့ မရှိရမှာလဲ ကိုထွန်းန်ကြည်၊ တော်.. ဟိုတစ်ပတ်ကတင် ဘလိပ်ဓားတစ်ချောင်းနဲ့ သင်းထားတာရော၊ ဆေးလည်း မထည့်၊ ဆေးလည်း မထိုးဘဲ ဖြစ်ပ့ါမလားလို့ ကျုပ်က မေးမိတော့ အဟောက်တောင် ခံရသေးတယ်လေ"

ဇနီးဖြစ်သူက ဝင်ပြော၍ သူ မလှုပ်သာ မလွန့်သာ ဖြစ်သွားသည်။

"အနာကနေ မေးခိုင်ပိုး ဝင်တယ် ထားပါတော့၊ ဆီးချုပ်၊ ဝမ်းချုပ်ဖြစ်တာကရော...

"ဆီးချုပ် ဝမ်းချုပ်ဆိုတာက မေးခိုင်ရောဂါရဲ့ လက္ခဏာတစ်ခုပဲ၊ မေးခိုင်ပိုးက ထုတ်တဲ့ အဆိပ်ကြောင့် တစ်ကိုယ်လုံး တက်နေတာ၊ တောင့်နေတာ ဦးလေးရဲ့၊ ကြွက်သားတွေ တောင့်နေတော့ အစားလည်း မစားနိုင်ဘူး၊ ဆီးတွေ ဝမ်းတွေလည်း မသွားနိုင်ဘူးပေ့ါ"

ဦးထွန်းကြည်၏ လေးနက်သော အကြည့်ကို ပထမဆုံးအကြိမ်အဖြစ် မွန် လက်ခံရရှိလေသည်။

*

"ဒီနှစ်မှ ကျောင်းပြီးတာလား"

"ဘာဆေး ထိုးတာလဲ"

"ဘာအတွက် ထိုးတာလဲ"

"ဘာရောဂါလဲ"

"ကျွဲတွေ၊ နွားတွေကို ကုနိုင်ပဲ့မလား" ဆိုသည့် အမေးလှိုင်းလုံးတွေကြားမှာ ဖြစ်ပဲ့မလား ဆိုသည့် သံသယမျက်လုံးပေါင်းများစွာရှေ့မှာ အလုပ်နှင့် သက်သေပြပြီး မှတ်ကျောက်တင်ခံခဲ့ရသည်။

အများအားဖြင့် ဆေးအိတ်တစ်လုံးဆွဲကာ ခြံတွေအနှံ့ လိုက်ကုရလေသည်။ ဆေးခန်း ထိုင်ခါစက ညအကင် အိမ်ပြန်ရောက်လျှင် တစ်ကိုယ်လုံး ကိုင်ရိုက်ထားသလို နာကျင်နေတတ်သည်။ တစ်နေကုန် ပင်ပန်းနွမ်းနယ်သမျှ အိမ်အပြန် ကားပေါ်ဆင်းလိုက်ပြီဆိုမှဖြင့် ခြေရောလက်ရော မသယ်ချင်လောက်အောင် အလျှော့ပေးနေချင်မိသည်။ နှုတ်က မညည်းညူမိအောင် မျိုသိပ်နိုင်သော်လည်း မှတ်တမ်းစာအုပ်ထဲတွင် `ညဘက် လမ်းမီးတိုင်ရောင်အောက် ကတ္တရာလမ်းမပေါ်မှာ လွယ်နေကျ အိမ်ငယ်ကို လွယ်လို့ တစ်ယောက်တည်း လျှောက်လာရတဲ့အခါ တီဗီကိုယ်စီနဲ့ အိမ်တွေထဲက သဘောကျကျ ရယ်မောသံတွေဟာ ရင်ထဲကို မကူးစက်နိုင်အောင် ဖြစ်ရတယ်� ဟု ရင်ဖွင့်ဖူးလေသည်။

ဘွဲ့ရသည့် အချိန်အထိ စျေးသွားရန် အရွှံကြီး ရွံ့ခဲ့သမျှ

ဆေးခန်းထိုင်မှပင် ဈေးကို တစ်ပတ်လျှင် နှစ်ခါ၊ သုံးခါ ဆိုသလို ရောက်ဖြစ်တော့သည်။ ညနေပိုင်းမှာ ဆေးကု၊ လိုအပ်သည့် ဆေးများကို မှတ်သား၊ မနက်ပိုင်းမှာ စိန်ဂျွန်းလေဟာပြင် ဈေးတစ်ခွင် ခြေတိုအောင် လှည့်ပတ်သွားလာလျက် ဆေးဝယ်ရသည်။

"ဆရာမ ဂျီပီ အတော်ကောင်းတယ် ထင်တယ်၊ ခဏခဏ ဆေးလာဝယ်တယ်နော်"

ဆေးဆိုင်က လူကြီး အပြောကြောင့် ခြေက မြေနှင့် မထိချင်၊ မွန့်ရှေ့မှာ ဆေးတွေ ထောင်နှင့် သောင်းနှင့် ချီပြီးဝယ်တာ တွေ့တော့မှ မိမိကိုယ် မြှောက်ပြောခြင်းဟု နားလည်လျက် မလုံမလဲ ဖြစ်ရလေသည်။

*

"ဟိတ်... ရွာသာကြီးအုပ်စုတွေ ဆေး လာထုတ်သလား"

"ကြည့်စမ်း မွန်ဇော်၊ နေနိုင်လိုက်တာဟာ၊ တို့ဆီတောင် လာမလည်ဘူး"

"အိပ်မက်ထဲမှာတော့ ခဏခဏ ရောက်တယ် မိုးအေးရဲ့"

"တော်ပါဟာ... နင်က သိပ်စိမ်းတာပဲ၊ ဒါထက် ဆေးခန်းမှာ အဆင်ပြေရဲ့လား"

"မိုးကလည်း မေးနေရသေးတယ်။ သူ့လက်ထဲမှာ ကာကွယ်ဆေးထိုးဖို့ ရေခဲဘူးကြီးနဲ့လေ"

"ဟုတ်တယ် စန္ဒာ၊ ငါ ဒီကနေ အပြန် အင်းစိန်မှာ ကာကွယ်ဆေး ဝယ်ရမှာ"

ရွှေတိဂုံဘုရားလမ်းက ဆေးဆိုင်မှာ တစ်လတစ်ခါ ဆေးထုတ်ရင်း သူငယ်ချင်းတွေ ဆုံကြလျှင်တော့ ငယ်ဘဝကို ပြန်ရောက်သွားရသလို ရှိသည်။ ရွာသာကြီး၊ ဆယ်မိုင်ခြံ၊ အစာအဟာရဆိုင်ရာ ဒီပလိုမာသင်တန်းမှ သူငယ်ချင်းများ၊

ဆေးဆိုင်ဖွင့်ထားသော မွန့်လိုပင် ဆေးခန်းထိုင်နေသည့် သူငယ်ချင်းများနှင့် ဆုံရသောအခါ ရေဆင်းဆည်ဘေးက စာသင်ရက်များကို တမ်းတလွမ်းဆွတ်ရလေသည်။

"ငါ့ဆီ လာတဲ့ Case တစ်ခုကွာ၊ ခွေးကြီးနာမည်က `မိုက်ကား' တဲ့။ Heart Failure ကြောင့် Ascites ရေဖျဉ်းဆွဲပြီး ရောက်လာတာ၊ ရောဂါအကြောင်း ငါ သေချာရှင်းပြပြီး Digoxin၊ Laxis၊ Slow K ဆေးဝယ်တိုက်ဖို့ ရေးပေးလိုက်တော့ ပိုင်ရှင်အန်တီကြီးက `လူတွေလိုပဲ ကုရတာ ပဲနော်' လို့ ပြောတယ်။ သူတို့အိမ်မှာ နှလုံးရောဂါသမား ရှိနေလို့ ဆေးတွေကို သိနေကြတယ်"

"ဟုတ်တယ် မွန်ရဲ့၊ အရင်ကဆို ခွေးတွေ ကြောင်တွေ နေမကောင်းရင် သေမှာပဲဆိုပြီး ပစ်ထားကြတာ၊ ခုတော့ တိရစ္ဆာန်လေးတွေ နေမကောင်းရင် ဆေးကုရတယ်ဆိုတဲ့ အသိမျိုးနဲ့ အမြင်ကျယ်လာကြပါပြီကွာ"

"ငါတို့လည်း ကျောင်းပြီးမှ စာပိုဖတ်ဖြစ်နေတယ်၊ ခေါင်းက အစ အမြီးအဆုံး အထွေထွေကု ဆရာဝန်ကြီး ဆိုတော့ ဟဲ... ဟဲ စာမဖတ်လို့ မဖြစ်ဘူး အိဂေ၊ ဆေးခန်းမှာလည်း Case မလာတဲ့အချိန်ဆိုရင် စာဖတ်တဲ့ဆရာဝန်လေ"

ရသမျှ အချိန်လေးမှာ တစ်ယောက်နှင့်တစ်ယောက် အတွေ့အကြုံ ဖလှယ်ရင်း၊ တစ်ယောက်ဘဝကို တစ်ယောက် အပြန်အလှန် အားကျရင်း ကိုယ့်ဘဝလမ်းမှာ ကိုယ့်ဘာသာ လျှောက်ရင်း အချိန်ကာလတွေကို တဖြည်းဖြည်း ကျော်ဖြတ်လာခဲ့သည်။

`ဇော်' ဆေးကုခန်းကို ဗဟိုပြုပြီး သုဂတ္တာ စုပေါင်းအိမ်ရာ၊ သဃ်န်းကျွန်း ရန်ကုန်သစ်တစ်ခွင်ကို သာမက ငမိုးရိပ်တစ်ဖက်ကမ်းအထိ ခရီးနှင်ခဲ့ဖူးသည်။ နောက်တစ်ချိန်မှာ `အဲဒီ နေရာတွေအားလုံး မာမီ့ခြေရာတွေချည်းပဲ' ဟု ဝံ့ကြွားဂုဏ်ယူနိုင်လောက်သည်။ မွန် တတ်ထားသည့် အသိပညာတို့ကို အလျဉ်းသင့်တိုင်း ဖြန့်ဝေပေးမိသလို စရိုက်အမျိုးမျိုး၊ လူအမျိုးမျိုး၊ ဘဝအခြေအနေ

အမျိုးမျိုးကိုလည်း ထိတွေ့နားလည်ခဲ့ရသည်။

သို့နှင့်ပင် ဖိုးတုတ်၊ ဆီဇာ၊ နီတာ၊ ဘော်ဖြူ၊ ရမ်ဘို စသော ခွေးကလေးများကို လည်းကောင်း၊ လေးခွမှန်ရာက မျက်လုံး ထုတ်ပစ်လိုက်ရသော မိပေါက်နှင့် ဖိုးဝါဝါ၊ ပြည့်ဖြိုး၊ ရွှေဝါ၊ ဖြူမ၊ သားသားကြီး၊ ဖိုးငယ်၊ မိုက်ကယ်ဂျက်ဆင် စသော ကြောင်ကလေးများကို လည်းကောင်း၊ ကျွဲ၊ နွားကစ၍ ကြက်တူရွေး၊ သာလိကာအဆုံး `ပေးရှင့်' များကို လည်းကောင်း ရင်းနှီးကျွမ်းဝင်ခဲ့ချေပြီ။ အောင်မြင်မှု၊ လက်လွှတ်ဆုံးရှုံးမှုတွေကြားမှာ မွန်လည်း ရင့်ကျက်မှု ပိုလာရသည်။ တစ်ခါတလေတွင် ကောင်းကင်ပြာနှင့် တိမ်ဖြူလွှာတို့ကို မော့ကြည့်ရင်း `ငါ့အတွက် သာယာတဲ့ ညနေခင်းပေါင်းများစွာ ပျောက်ဆုံးခဲ့တာ ကြာပြီပဲ' ဟု ကဗျာဆန်ဆန်တွေးချင် တွေးမိလေသည်။ မသိကျိုးကျွံ ပြုထားသည်မှာ ကြာပြီဖြစ်သော ပန်းချီကားတွေ၊ စုတ်တံတွေ၊ ကဗျာစာအုပ်တွေကို အမှတ်မထင် တွေ့ရလျှင် မွန့်ကို လှောင်ပြောင်နေကြသလို ခံစားရပြန်သည်။

`အောင်မြင်နေတဲ့ သူတွေကို သွားမေးကြည့်၊ မအောင်မြင်ခင်မှာ အိပ်ချင်တိုင်း မအိပ်၊ စားချင်တိုင် မစား၊ ပျော်ချင်တိုင်း မပျော်ဘဲ ဆန္ဒကို မျိုသိပ်ခဲ့ရတဲ့ အကြောင်းတွေကို မြိန်ရေရှက်ရေ ပြောပြကြလိမ့်မည်' ဆိုသည့် ဖေဖေ့စကားသည်သာ မွန်၏ စိတ်ဖြေသိမ့်စရာ ဖြစ်ရင် နောက်တစ်နေ့အတွက် အင်အားဆက်ခဲ့ရသည်ပဲ။

*

ရသည့် ဝင်ငွေထဲမှ ဘွားဘွား၊ ဖေဖေနှင့် မေမေတို့ကို တစ်လတစ်ခါ ကန်တော့ချိန်၌ မွန့်စိတ်ထဲမှာ ကြည်နူးချမ်းမြေ့သည့် ပီတိတစ်မျိုး ဖြစ်ပေါ်ရလေသည်။ ငါ့သမီး သေးသေးကွေးကွေးကို သည်လောက်ဖွံ့ရှိမယ် မထင်ခဲ့ဘူးဟု မေမေက ပြောတော့ မွန် ကျေနပ်အားရစွာ ပြုံးနေမိသည်။

"ညီမလေးက ခုမှ ချွေတာရကောင်းမှန်း သိလာတာ ဖေဖေရဲ့"

"အံ့မယ် မကြီးနော်၊ မွန် ဘယ်တုန်းကမှ မဖြုန်းပါဘူး၊ သုံးတာပါ"

စကားနိုင်လုကာ ပြောရသော်လည်း စနစ်တကျ သုံးစွဲတတ်လာသည်မှာ အမှန်ဖြစ်သည်။ သူ့အလုပ်နှင့်သူ မအားလပ်သည့်ကြားက အဖော်လိုက်ပေးမည်ဟု ပြောသော မကြီးကို `ပင်ပန်းပါတယ်၊ မလိုက်ပါနဲ့' ဟု မွန် နှစ်သိမ့်ခဲ့ဖူးသည်။ တစ်ယောက်စာ လမ်းစရိတ် မုန့်ဖိုး ပိုကုန်မှာ စိုးသည့်အတွင်းစိတ်ကို နားလည်လျှင် မကြီး ဘယ်လောက် ဒေါကန်မည် မသိ။

*

စာအုပ်ပုံတွေကြားမှာ မွန် စာကျက်နေခိုင် ကန်ထရိုက်လုပ်နေသော ဖေဖေ့သူငယ်ချင်း အိမ်သို့ အလည်ရောက်လာသည်။

"ညည်း အလုပ် မရသေးဘူးလား"

"ခုမှ စာမေးပွဲ ဖြေရမှာလေ ဦးဦးရဲ့၊ မွန်တို့ ကျောင်းပြီးကတည်းက ခုမှ အလုပ်ခေါ်တာ"

ခုတလော မွန့်မှာ အလုပ်လိုချင်သည့် ချဉ်ခြင်းတက်နေလေသည်။ မငယ်၏ ဓာတ်ခွဲခန်း အတွေ့အကြုံ၊ နို့ချက်စီမံကိန်းက ကိုတင့်နိုင်၊ ကိုရန်နိုင်နှင့် မသော်၊ စိုက်သိပ္ပံက မသီတာ၊ ဦးစီးဌာနက ကိုဝင်းအောင်တို့၏ အတွေ့အကြုံများကို မွန် အားကျခဲ့သည်မှာ ကြာပြီ။ တိရစ္ဆာန်ဆေးကု ဆရာဝန်တစ်ဦး၏ ဘဝကိုလည်း ပီပြင်သည်ထက် ပီပြင်ချင်လေသည်။ ဦးဦးနှင့် စကားပြောရင်း မွန် ဆေးခန်းထိုင်သည့်အကြောင်းကို ရောက်သွားသည်။

"ညည်းတို့ ကြည့်ရတာ ပင်ပန်းလိုက်တာ မိမွန်ရယ်၊ ဒီလောက် လုပ်ရပြီး ဝင်ငွေကျတော့ ဘာမှလည်း မဟုတ်၊ အေးလေ... လူတွေကလည်း တိရစ္ဆာန်ကို ချစ်တတ်ဦးမှ၊ ချစ်သည့်တိုင်အောင် ဆေးကုဖို့ ပိုက်ဆံရှိဦးမှ ဖြစ်မှာ၊ ဦးဦး ပြောမယ်၊ ဆေးခန်း မထိုင်ဘဲ ဝိုင်းကျူရှင် ပေးပါလား"

"မွန်တို့က ပညာနဲ့ အသက်မွေးရတဲ့ သူတွေပါ၊ ဦးဦးနဲ့တော့ ဘယ်တူပါ့မလဲ၊ အရာရာကို ငွေနဲ့ တိုင်းတာလို့ မရပါဘူး။ အတွေ့အကြုံတွေ၊ အရည်အသွေး တိုးတက်မှုတွေကို မျက်စိနဲ့ မြင်ရလို့လား ဦးဦးရဲ့"

ဦးဦးက ခွင့်လွှတ်စွာပင် ရယ်မောနေသည်။ ဖေဖေ မျက်ရိပ်ပြပြီး ဟန့်တားလိုက်၍ သာ မွန် ငြိမ်နေလိုက်ရသော်လည်း ရင်ထဲမှာ အောင့်သက်ခါးသီးစွာ ကျန်ခဲ့သည်။

*

မယုံကြည်နိုင်လွန်းစွာ နောက်တစ်ခေါက် ထပ်မေးမိတော့ သည်ဈေးနှုန်းကိုပင် ထပ်ပြောလေသည်။ လွန်ခဲ့သောလကထက် တန်ဖိုးက သုံးဆခန့် မြင့်မားနေသည်။ အိတ်ထဲက ပိုက်ဆံလေးတွေကို ငုံ့ကြည့်မိသည်။ တခြားဆေးတွေလည်း ဝယ်ရဦးမည်။ ကုမ္ပဏီအမျိုးမျိုးက တံဆိပ်အမျိုးမျိုးနှင့် ဆေးပုလင်းတွေကို မော့ကြည့်ရင်း မွန် ချွေးပြန်လာသည်။

"ဆေးဈေးတွေ တက်တော့လည်း ဆေးခန်းမှာ ပိုက်ဆံပိုယူပေါ့ ဆရာမရဲ့၊ ဆရာမတို့လို ဆေးကုတဲ့ သူတွေက ဆေး များများ လှောင်ထားဖို့ ကောင်းတယ်"

မွန့် အတွေးထဲမှာ ခေါင်းအုံးတစ်လုံး၊ ဖျာတစ်ချပ်၊ ထရံကာ သုံးဖက်နှင့် တံခါးမရှိသည့် အိမ်ကလေးတွေ၊ ဆင်းရဲချို့တဲ့ရှာပြီး မွေးမြူရေးကို အသက်ရှူပေါက်တစ်ခုသဖွယ် မဂတဂ ရှူနေရသည့် လူနာရှင်တွေ အစီအရီ ပေါ်လာသည်။ ဆရာမက မိန်းမလေးလည်း ဖြစ်၊ လာရတာ လည်း ဝေး ဆိုတော့ အရေးအကြောင်းဆို အားကိုးမရှိလို့ စိတ်ပျက်မိတယ်ဗျာ ဟူသည့် မွေးမြူရေးသမားတစ်ဦး၏ စကား။

ဆရာမရယ်၊ အိမ်က ဝက်ကလေးတွေ ဂမ်းသွားနေတယ်၊ ပိုက်ဆံ အဆင်မပြေလို့ သောက်ဆေးပဲ ရောင်းပေးပါလား ဟူသည့် စကား၊

သည့်အသံတွေက နားဝမှာ ကျယ်လောင်စွာ မြည်ဟည်းဝေ့ဝဲနေကြသည်။
ပင့်သက်ချလိုက်တိုင်း မွန်းကြပ်မှုတွေ လျော့ပါးသွားရင် သိပ်ကောင်းမှာပါပဲ။

*

လေပြည်က ညင်ညင်သာသာလေး တိုက်ခတ်နေသည်။

မိုးစက်မိုးငွေ့တို့ကြောင့် ဝန်းကျင်တစ်ခုလုံး စိမ်းစိုလျက် ရှိ၏။ ဖြူတုတ်တုတ် ကလေးတစ်သိုက်ကား အသုပ်ရောင်းတမ်း ကစားနေကြသည်။ လမ်းမပေါ်က ရေလှည်းတွန်းသူ၊ ကျောက်စည် သယ်သွားသူ၊ ဗေဒင်ဟောစာတမ်း ရောင်းသူ၊ ဖြတ်သွားဖြတ်လာတို့ကိုလည်း အဓိပ္ပါယ်မဲ့ လိုက်ကြည့်မိ၏။ ချုပ်ထိန်းမှုမဲ့သည့် စိတ်အစဉ်ကို လေနှင့်အတူ လွှင့်ရင်း ငေးမော ဆိတ်ငြိမ်နေမိသည်။

မနက်က အလုပ်စာမေးပွဲ အောင်စာရင်း ထွက်သည်။ မွန့် နာမည်ကား မပါ။ တစ်ကြိမ်နှင့် မရသေးလျှင် အကြိမ်ကြိမ် ကြိုးစားဦးမည်ဟု ဖွဲ့စိတ်ရှိသော်လည်း `အရင်းအနှီး နည်းပါးပြီး မအောင်မြင်သေးတဲ့ ငါ့လို ဆရာဝန်ပေါက်စလေးဟာ ကိုယ်ပိုင်ဆေးကုခန်းတစ်ခုကို ဘယ်လောက် အချိန်ကြာကြာအထိ ထိန်းထားနိုင်ပါ့မလဲ' ဟု တွေးစပြုလေသည်။ အလုပ်ကို အလုပ်နဲ့တူအောင် လုပ်ပြီး ကြိုးကြိုးကုတ်ကုတ် ပျိုးထောင်လာခဲ့ရတဲ့ ဘဂကိုရော လွယ်လွယ်နဲ့ စွန့်လွှတ်နိုင်ပါ့မလား တွေးရင်း စိတ်မောလာမိသည်။

အလင်းရောင်ကလည်း တဖြည်းဖြည်း ဖျော့မှိန်လာချေပြီ။ သည်နေ့လည်း ဆေးခန်းမှာ စာဖတ်သည့် ဆရာဝန်ပဲပေါ့။ မွန် ပြန်ရန် ပြင်ဆင်နေခိုက်မှာပဲ လူကြီးတစ်ဦးနှင့် မိန်းကလေး တစ်ဦးတို့ ရေးကြီးသုတ်ပြာ ရောက်လာကြသည်။

"တို့ကြောင့်လေး ကလေးမမွေးနိုင်လို့ လာပြတာ၊ သူ ကြည့်ပေးနိုင်မလား ဟင်"

မိန်းကလေးက မွန်နှင့် မတိမ်းမယိမ်း၊ ခြင်းတောင်းလှလှလေးထဲမှာ ကြောင်ကလေးက ဝပ်စင်းလို့ နေသည်။

"ခါတိုင်း သူတို့ နေမကောင်းရင် သန္တာတို့က မြို့ထဲမှာ ပြတာ၊ ဒီနေ့မှ အိမ်ကကား မအားလို့ ကမန်းမတမ်း ဒီ ခေါ်လာရတယ်"

"လိုအပ်တာကို ဆရာမ လုပ်ပေးမှာပါ၊ သမီးက ဘာတွေ လျှောက်ပြောနေတာလဲ"

ခံ့ညား တည်ကြည်သော ဖခင်ဖြစ်သူက ဝင်ဟန့်တားလိုက်သည့်တိုင် လှပနုနယ်သော မိန်းကလေး၏ မျက်နှာလေးက ဆေးခန်းအဆင်အပြင်ကို ဖော့ဝိုက်အကဲခတ်လျက် စိတ်ပျက်နေသည့်ဟန် အထင်းသား ပေါ်လွင်နေလေသည်။

"အထဲမှာ ကြောင်ကလေးတစ်ကောင် ကျန်သေးတယ်၊ ခြေ နှစ်ချောင်းအပြင်ရောက်နေတဲ့ ကြောင်ကလေးကလည်း သေနေပြီ၊ သူတို့ကို ခွဲထုတ်မှ ကြောင်မကြီး အသက်ရှင်ပါလိမ့်မယ်"

"ဟင်... ဒီမှာခွဲလို့ ဖြစ်ပါ့မလား"

လူကြီးက မျက်မှောင်ကုတ်ကြည့်လိုက်သဖြင့် မိန်းကလေးက စကား တစ်ပိုင်းတစ်စနှင့် ရပ်သွားသည်။

"ခွဲသာ ခွဲပါ ဆရာမ၊ လိုအပ်သလို လုပ်ပါ"

အပြင်ဘက်တွင် လမ်းမီးများပင် ပွင့်နေပြီ။ ကြောင်မလေးကို မေ့ဆေး ထိုးပေးပြီး စိတ်ချရသည့် အခြေအနေ ရောက်မရောက် စစ်ဆေးလိုက်သည်။ ခွဲစိတ်ကုသရန် အားလုံးအသင့် ဖြစ်နေချိန်မှာပဲ လျှပ်စစ်မီး ပျက်သွားလေသည်။

*

ကြွက်သားလွှာတွေကို အဆင့်ဆင့်ချုပ်ပြီး နောက်ဆုံးအဆင့် အရေပြားကို Horizontal Mattress Suture ဖြင့် အဆုံးသတ်လိုက်သည်။

ဖယောင်းတိုင်က အတော်ပင် တိုနေပြီ။ မွန့် ဝမ်းထဲမှာ ဆာလွန်း၍ အူက တကြုတ်ကြုတ် မြည်နေသည်။

"အိမ်ရောက်ရင် စားပွဲတို့၊ ကုလားထိုင်တို့လို အမြင့်တွေမှာ တင်မထားပါနဲ့၊ မေ့ဆေးမပြယ်သေးတော့ ပြုတ်ကျတတ်တယ်။ ကြမ်းခင်းမှာ နွေးနွေးထွေးထွေးထားရင် ရပါတယ်။ သူ အစာမတောင်းသရွေ့ ပါးစပ်ဟပြီး အစာကို အတင်းမခွံ့နဲ့နော်"

"ဟုတ်ကဲ့ပါ ဆရာမ"

"ဆေး သုံးရက် ဆက်ထိုးဖို့ လိုပါလိမ့်မယ်၊ ချုပ်ရိုးကိုတော့ တစ်ပတ်ပြည့်တဲ့နေ့မှာ ဖြေပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် ဆရာမ၊ မီးပျက်သွားလို့ သန္တာက စိတ်ဓာတ်ကျနေတာ၊ မနက်ဖြန် လာခဲ့မယ်နော်"

"ဆရာမလေးက စေတနာလည်း ကောင်းတယ်၊ သတ္တိလည်း အပြည့်ရှိတယ်၊ ရှေ့ဆက် အောင်မြင်မှာပါကွယ်၊ ကဲ... အန်ကယ်တို့ကို ခွင့်ပြုပါဦး"

ရင်ထဲမှာ ထူးထူးခြားခြား တုန်လှုပ်သွားရ၏ ။

*

ဘုရားလမ်းမှတ်တိုင်ကို မွန် ရောက်တော့ ည ကိုးနာရီ ထိုးလုပြီ။ သုဂဏ္ဏာက ဓာတ်ကူးသည် ထင်၏ ။ သည်ဘက်မှာလည်း မီးမလာ။

ညခံဝင်းတစ်ခုဆီမှ ပျံ့လွင့်လာသော ဂစ်တာသံသဲ့သဲ့က ရင်ထဲသို့ စီးဝင်သွားသည်။ ညမွှေးပန်းရနံ့ သင်းသင်းကို ရှူက်သွင်းလိုက်ရင်း ကောင်းကင်ကို မော့ကြည့်မိသောအခါ လဝန်းက ထိန်ထိန်သာနေသည်။ ကြယ်ကလေးများကလည်း ပြိုးပြက်နေကြသည်။

ခါတိုင်းကတော့ သတိမထားမိ။ မီးရောင်တွေ ထိန်ထိန်ဝေသည့်

ညများမှာလည်း သူ ရှိကောင်းရှိပေမည်။ လရောင်၊ ကြယ်ရောင် ထွန်းပြောင်နေသည့် ညမှာ မိုတ်ချည်လင်းချည်နှင့် သူလည်း အလှဆင်နေသည်သာ။

မှတ်တမ်းစာအုပ်ထဲမှာ ရေးခဲ့ဖူးသော စာသားအချို့ကို ရုတ်ခြည်း သတိရလိုက်မိသည်။

"ဘဝမိုးကောင်းကင်မှာ လမင်းကြီးလို အစွမ်းမထက်သေးတာတောင်မှ ပိုးစုန်းကြူးလို အလင်းရောင်နဲ့ လူသားတွေကို အကျိုးပြုနိုင်ရမယ်"

ပင်ပန်းနွမ်းနယ်မှုတွေ၊ တွေဝေ မွန်းကြပ်မှုတွေ ပြေပျောက်ပြီး မယုံကြည်နိုင်လောက်အောင် လန်းဆန်း ကြည်လင်လာသည်။ မမြင်နိုင်စွမ်းသည့် အင်အားသစ်တွေ စိမ့်စီးပျံ့နှံ့နေသလိုပါပဲ။

မနက်ဖြန်ကျလျှင် ဝက်ဝမ်းကျ ကာကွယ်ဆေး ထိုးပေးရဦးမည်။ အင်းစိန်က ဦးစီးဌာနမှာ သွားဝယ်ရလိမ့်မည်။ ရေခဲဘူးလည်း ယူသွားဦးမှ၊ ခြေလှမ်းတွေက သွက်လာသည်။

မွန် ရှေ့ ခပ်လှမ်းလှမ်းမှာတော့ ပိုးစုန်းကြူးငယ်တို့က အစွမ်းကုန် လင်းလက်တောက်ပနေလေသည်။

**ဟန်သစ်၊ အောက်တိုဘာလ၊ ၁၉၉၀ ပြည့်နှစ်**

**Face ၊ မေလ ၂၀၀၈ ခုနှစ်။**

*

## သည်ကွန်းရိပ်မှာ

အခန်းထဲမှာ စကားသံတို့ ခေတ္တတိတ်ဆိတ်နေသည်။ ဇင်နှင့်အတူ အပွဲပွဲနွှဲလာခဲ့တာ ကြာပြီဖြစ်သော ခွဲစိတ်ခန်းသုံး ကိရိယာလေးများကို စတင်ကိုင်လိုက်သည်နှင့် ဇင့်ကိုယ်ထဲမှ သွေးများ နွေးထွေးလာပြီ။ အမြဲတစေ ယဉ်ပါးနေကျ အရက်ပြန်နံ့၊ ဆေးနံ့တို့ကို နှစ်သက်စွာ ရှူရှိုက်ရင်း ဇင့်အာရုံက ခွဲစိတ်ကွင်းကလေးထဲမှာသာ စုစည်းလျက်။

"တကယ်တော့ အန်တီ့သားလေးမှာ ဘာအပြစ်မှ မရှိပါဘူး ဆရာမရယ်၊ သမီးရှင်တွေကသာ သူတို့သမီးကို သံကွန်ချာ ခုနှစ်ထပ်နဲ့ အုပ်ထားချင်တာ၊ အန်တီ့သားလေးကလည်း မမီတဲ့ ပန်းကိုမှ တုံးခုလို့ လှမ်းချင်တယ်၊ တစ်နေ့ တွေ့နိုး၊ တစ်နေ့ တွေ့နိုးနဲ့ ခြေအေးဂမ်းရောင် လျှောက်နေရင်း လမ်းထဲ ကွေ့ဝင်လာတဲ့ ကားကို မမြင်ဘဲ ဝင်တိုက်မိလို့ ခုတော့ မေးစေ့ကွဲရပြီလေ"

ဇင့်ကို ကူညီနေသော ဆေးခန်းအကူ တပည့်မလေးက အောင့်မနေနိုင်တော့ဘဲ တခိခိနှင့် ရယ်လိုက်သဖြင့် ဇင် ကိုယ်တိုင်ပင် ပြုံးမိလျက်သား ဖြစ်သွားသည်။ ကြောင်ပိုင်ရှင် အန်တီသည် တကယ့်ကို ခံစားနေရပုံနှင့် ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောနေရှာသည်။ ခွေးပြရန် စောင့်ဆိုင်းနေသော လူငယ်တစ်ဦးက အန်တီကြီးကို

"ဒါဆိုလည်း အန်တီ့သားကလေးကို အပြင်မထွက်အောင် ဆုံးမလိုက်ပါလား" ဟု ပြောသည်။

"အို... ငါ့တူကလည်း အန်တီ့သားလေးက ကုန်းကုန်းဖြစ်သွားမှာပေ့ါ၊ အန်တီက အပျိုကြီး ဖြစ်ပေမယ့် အန်တီ့သားကိုတော့ ဒီလို မလုပ်ချင်ပါဘူး၊

သူတို့သမီးထက် ချောပေ၊ လှပေ့ဆိုတဲ့ ကြောင်မလေးကို ရှာပြီး ပေးစားပြလိုက်မှာ"

ဇင်သည် ကြောင်ကို ချုပ်ရိုးလက်စသတ်ပြီး ဆေးထည့်ပေးနေခိုက် အပြင်ဘက်မှာ သဘောကျ ရယ်မောသံကို ကြားနေရသည်။

"ဆရာမဆီ လာပြတဲ့ ကြောင်မလေးတွေထဲက သတို့သမီးလှလှလေးတွေ့ရင် အန်တီ့ကို ပြောပါနော်၊ ယောက္ခမအိမ်မှာ မင်္ဂလာဆောင်ဖို့ပဲ ပို့ရပို့ရ၊ သားရှင်ဘက်မှာပဲ ဆောင်ရဆောင်ရ အန်တီ ဘာမဆို ကြည်ဖြူပါ့မယ်လို့"

"ဟုတ်ကဲ့ပါ အန်တီရယ်၊ ကျွန်မ အကြောင်းကြားပေးပါ့မယ်"

ကိုက်ခဲတတ်သော သတ္တဝါများကို နေ့စဉ် ကြုံတွေ့နေရသော ဘဝမှာ သည်လိုပြုံးကွက်လေးတွေကြောင့် ဘဝအမောကို ပြေစေပါသည်။

ဇင် ကျောင်းပြီးခါစမှာ ဇင့်မိသားစု အခြေအနေကို သိထားသော ဆရာနှင့် ဆရာမက သူတို့ဆေးခန်းမှာ ထိုင်စေသည်။ ဆရာနှင့် ဆရာမကတော့ ရေဆင်းတက္ကသိုလ်မှာ၊ ဇင် ပွဲဦးထွက်အနေဖြင့် ခွေးမ နှစ်ကောင်ကို ဗိုက်ခွဲမွေးဖွားပေးရသည့် ကေ့စ် (Case) နှင့် ကြုံခဲ့ရသည်။ ပထမဆုံး အောင်မြင်မှုကြောင့် ဂမ်းသာပီတိ ဖြစ်ခဲ့သော ဇင်သည် ခွဲစိတ်ကုသမှုများနှင့် ကြုံတိုင်း သွေးနွေးလာတတ်သည်မှာ ယခုထိတိုင်အောင်ပါပဲ။

ဇင်တို့ ကျောင်းပြီးစတွင် ဖန်ပြွန်ဆေးထိုးပိုက်များသာ သုံးလေ့ရှိကြသည်။ ဆေးကုရမည့် အိမ်ရောက်၍ ဇင် က ရေနွေး တောင်းသောအခါ ညစ်ပေနေသော ခွက်အဟောင်းထဲမှာ ရေနွေးပူပူလောင်းထည့်ပြီး လာချသည်။ ဘယ်ချောင်က ဆွဲထုတ်လာမှန်းမသိ။ ဇင်က စိတ်တိုတိုနှင့်…

"ကျွန်မမှာ ဆေးထိုးပိုက်စိမ်ဖို့ စတီးခွက် ပါလာပြီးသား။ ဓာတ်ဘူးထဲက ရေနွေးပူပူပဲ တောင်းတာ" ဟု ပြောလိုက်သည်။

"မသိပါဘူး ဆရာမရယ်၊ တိရစ္ဆာန်ကိုထိုးဖို့ ဆိုတော့ ခွက်က ပေနေလည်း အရေးမကြီးဘူး ထင်လို့ပါ"

သူတို့မျက်နှာကို အကဲခတ်ကြည့်တော့ မသိနားမလည်သည့် အရိုးခံမျက်နှာထားများမို့ ကရုဏာသက်ရပြန်ပါသည်။ `ဒါတွေကို လူထု နားလည်အောင် ရှင်းပြရမှာ ငါတို့တိရစ္ဆာန် ဆေးကုဆရာဝန်တွေ့ရဲ့ တာဝန်' ဟု ကြီးကြီးကျယ်ကျယ် တွေးမိသည်။ များမကြာမီ တစ်ခါသုံး ဆေးထိုးအပ်များ ပေါ်လာ၍ ရေနွေးတောင်းရသည့် ပြဿနာ မရှိတော့ချေ။

ခွေးနှင့် ကြောင်တို့ကို ဆေးခန်းမှာသာ ကုရသော်လည်း နွား၊ ဝက်နှင့် ကြက်တို့ကို ကုသရာ၌ မူ ဆရာဝန်က ဆေးအိတ်တစ်လုံးဆွဲပြီး လိုက်ကုသမှ အဆင်ပြေသည်။ ဆရာဝန် လာပင့်သူတွေက ဇင့်ဗလကို ကြည့်ပြီး နွားတို့ မြင်းတို့ကုရန် မခေါ်ကြပေ။ တစ်ခါတစ်ရံ နွားကို အားဆေးထိုးပေးရန်၊ အကြောဆေးသွင်းရန်လောက်သာ အားကိုးကြသည်။

ဝက်ခြံမှာ လိုက်ကုရသည့် အတွေ့အကြုံတစ်ခုကိုကား ဇင် မှတ်မိနေသေးသည်။ ဝက်ကလေး ငါးကောင်သာ မွေးရသေးချိန်တွင် ဝက်မကြီးက ဆက်မညှစ်နိုင်ဘဲ မောပန်းနေ၍ ဇင့်ကို လာပင့်သည်။ သစ်လုံးချောင်းတွေ ကာရံထားသော ခပ်မြင့်မြင့် ဝက်ခြံပေါ်သို့ ဇင် ကျော်တက်နေစဉ် ကလေးများက မျက်လုံးအဝိုင်းသားနှင့် ဝိုင်းကြည့်နေကြသည်။

"ဆရာမ… ဒေါက်ဖိနပ်နဲ့တက်လို့ ဖြစ်ပ့ါမလား"

"ကိစ္စမရှိဘူး၊ ဒါက မိုးတွင်းစီး ကြိုးသိုင်းဖိနပ်မို့ ချော်မလဲဘူး"

ဇင်သည် လက်အိတ်ရှည်ကို ညာလက်မောင်းရင်းထိ စွပ်ပြီးနောက် လှအိမ့်နေသော ဝက်မကြီးနှင့်အပြိုင် ခါးကိုင်းကာ တစ်ကောင်ပြီးတစ်ကောင် ဆွဲထုတ်ပေးရပါသည်။ ပိုင်ရှင်၏ ဇနီးနှင့် မိခင်က ဝက်ကလေးများကို လှမ်းယူပြီး နွေးထွေးအောင် လုပ်ပေးနေသည်။ ဇင်က နောက်တစ်ကြိမ် ဆွဲထုတ်ရန်

ဟန်ပြင်ဆဲ...

"ဝုန်း"

"ဖြောင်း"

"အမယ်လေး၊ ကိုတင်အုန်း ဆွဲထားလေ"

သူ့ကလေးများကို မတွေ့တော့ ဝက်မကြီးက ဝုန်းခနဲ ထ၍ ရှူးရှူးရှဲရှဲနှင့် ဇင့်ကို နှုတ်သီးဖြင့် ထိုးပက်လိုက်သည်နှင့် တစ်ပြိုင်နက်တည်း ဇင်က လက်ပြန်တစ်ချက် ရိုက်ထည့်လိုက်သည်။ ဇနီးဖြစ်သူ၏ အလန့်တကြား အော်သံကြောင့် ပိုင်ရှင် ဘယ်ရောက်သွားပါလိမ့်ဟု ရှာကြည့်မိတော့ ဘယ်အချိန်က ခုန်ထွက်သွားမှန်း မသိ။ ကိုတင်အုန်းက ခြံတိုင်ပေါ်မှာ ငုတ်တုတ်ကလေး။

"ကိုတင်အုန်းက တော်တော် အားကိုးရတာ ပဲနော်"

"ကျွန်တော်လည်း ကြောက်လန့်ပြီး ဘယ်လိုရောက်သွားမှန်း မသိဘူး ဆရာမ"

ကိုတင်အုန်းက ရယ်ကျဲကျဲနှင့် တောင်းပန်နေသည်။ သို့သော် "ငါ့ရဲ့လက်ပြန်ရိုက်ချက်က တော်တော် အားပြင်းပါလား" ဟု ဇင်တစ်ယောက် အလွန်ကျေနပ်နေလေသည်။

*

"ဒေါက်တာ ဘယ်ကိုပြန်မလို့လဲ၊ လိုက်ပို့ပေးမယ်လေ"

ဘေးဘီ ဘယ်ကိုမှ မကြည့်အားဘဲ ခပ်သုတ်သုတ် လျှောက်နေသော ဇင့်အနားမှာ ရုတ်တရက် ကားတစ်စီး ကပ်ရပ်လိုက်၍ ဇင် အလန့်လန့် အထိတ်ထိတ် ဖြစ်သွားသည်။ ဆေးခန်း မပိတ်ခင်ကလေးတင် ကုသပေးခဲ့သော အယ်လ်ဇေးရှင်းခွေးကြီးက ကားနောက်ခန်းမှာ အခန့်သား ထိုင်နေသည်။

"ဩော် ကျေးဇူးတင်ပါတယ်ရှင့်၊ ကျွန်မက ရထားနဲ့ ပြန်နေကျပါ၊ ပြန်ရမှာ ပေးလို့ ရထားမီအောင် သွားတော့မယ်နော်"

ဆေးခန်းပိတ်ချိန်တွင် ဘူတာရုံသို့ရောက်အောင် ဆယ်မိနစ်ခန့် လမ်းလျှောက်ရသည်။ ထိုရထားကို မမီလျှင် ညမှောင်မှောင်မှာ နောက်ရထားလာရန် တစ်နာရီခန့် စောင့်ချင်စောင့်၊ ဘတ်စ်ကားစီးရန် နာရီဝက်ခန့် ပြန်လျှောက်ချင် လျှောက်ရသည်။ တစ်ခါက ဘူတာရုံမှာ ရထားစောင့်ရင်း မျက်မှန်းတန်းနေကျ အဒေါ်ကြီးတစ်ဦးက ဇင့်ကို ဘယ်မှာ အလုပ်လုပ်သလဲဟု စူးစမ်းသည်။

"တိရစ္ဆာန်ဆေးကုဆရာဝန်၊ ဆေးခန်းထိုင်တယ်၊ စကားမစပ် မေးပါရစေ၊ တူမကြီး ဆေးခန်းမှာ တစ်နေ့ တစ်ကောင် လာရဲ့လား။ ဈေးဦးရော ပေါက်ရဲ့လား"

အဒေါ်ကြီး၏ အံ့ဩတကြီးမေးသံကြောင့် ပတ်ဝန်းကျင်မှ ရထားစောင့်နေသူများက ဇင့်ကို တခြားကမ္ဘာမှလာသော ဂြိုဟ်သားတစ်ယောက်လို ဝိုင်းကြည့်ကြတာကို သတိရပြီး ပြုံးမိသေးသည်။

*

နောက်တစ်နေ့၌ ဇင်တစ်ယောက် ပေးရှင့် (Patient) များနှင့် အလုပ်ရှုပ်နေစဉ် မနေ့ကကားဖြင့် လိုက်ပို့မည့်ဆိုသော အယ်လ်ဖေးရှင်းခွေးပိုင်ရှင် ရောက်လာသည်။ ထိုင်စောင့်နေသော သူများကိုလည်း ထိုသူက....

"ဆေးခန်းပိတ်ချိန်နားနီးမှ ကပ်မလာကြနဲ့နော်၊ ဒေါက်တာက ရထားစီးပြီး ပြန်ရရှာတာ" ဟု ပြောနေသည်။

သူပြောလိုက်သည့်စကားကြောင့် ဇင့်စိတ်ထဲ အနည်းငယ် ကသိကအောက် ဖြစ်သွားသည်။ စကားသရုပ်ခွဲမှုပညာမှာ ညံ့ဖျင်းသော ဇင်သည် ဘာသဘောပါလိမ့်ဟု အလျင်အမြန် စဉ်းစားနေမိသည်။

"ကျွန်တော်က ကျွန်တော့်ကားနဲ့ လိုက်ပို့ပေးမလို့ ခေါ်ပါသေးတယ်။ ဒေါက်တာက ရထားနဲ့ ပြန်နေကျလို့ ငြင်းသွားတယ်ဗျ"

"သူတစ်ပါးကို ဝန်မပိစေချင်လို့ပေ့ါဗျာ၊ ရထားပဲ စီးစီး၊ ဘတ်စ်ကားပဲ စီးစီး ဘဂဆိုတာ ဒီလိုပဲ စခဲ့ရတာ ချည်းပါပဲ"

ဇင် ဘာမှ မပြောရသေးခင်း လူကြီးတစ်ဦးက ဝင်ပြောလိုက်မှာ ထိုသူ၏ သဘောကို ခပ်ရေးရေး မှန်းဆမိသည်။

တစ်ခါတလေ ဆေးခန်းထဲ လူကျနေခိုက် အားပါးတရ နှုတ်ဆက်သံမျိုးကိုလည်း ကြားရတတ်သည်။

"ဒေါက်တာရေ အရင်တစ်ခါ လာပြတဲ့ ကြောင်ကြီးကတော့ သေသွားပြီ သိလား"

ဇင်သည် အနည်းငယ် ဇဝေဇဝါ ဖြစ်လျက် ပြန်မေးမိသည်။

"ဟုတ်လား၊ သူ ဘာရောဂါဖြစ်လို့ လာပြတာလဲ ဟင်"

"မဟုတ်ဘူးလေ၊ ကြောင်နာရောဂါကို ဒေါက်တာ ကုပေးလို့ ဂဖြိုးနေပါရောလား၊ တလောက လမ်းပေါ်ထွက်ရင် ကားတိုက်လို့ ပွဲချင်းပြီးပဲ"

ဘေးမှ လူတစ်ဦးက...

"ဩော်... ဒေါက်တာ ကုနေရင်းများ ဆုံးသွားတာလားလို့" ဟု ပြောတော့..

"မဟုတ်ပါဘူး၊ ဒေါက်တာ့ကို မြင်ပြီး အရမ်းနှုတ်ဆက်ချင်စိတ်နဲ့ ပြောမိတာ" တဲ့။

ဇင်တို့ တိရစ္ဆာန်ဆေးကုဆရာဝန်များခမျာ အိမ်မွေးတိရစ္ဆာန်များ သေဆုံးသောအခါက အလျင်စလို အပြစ်ဖို့ ခံရသူများ ဖြစ်သည်။ မိတ်ဆွေ အများစုကမူ "လူတွေတောင် သေကြရသေးတာပဲ၊ တိရစ္ဆာန်လည်း ဘာသားနဲ့

ထုထားတာမို့လဲ" ဟု နားလည်မှု ရှိကြပါသည်။ သို့သော် အခြေအနေ ဆိုးရွားလွန်း၍ မကုပါနှင့်တော့။ မထူးတော့ပါဟု လက်လျှော့သော ဆရာဝန်ကို..

"ဘာလေးပဲဖြစ်ဖြစ်၊ အားဆေးလေးပဲဖြစ်ဖြစ် ကျွန်မတို့ ကျေနပ်အောင် ထိုးပေးပါ၊ သမီးလေးကို တစ်ခုခု လုပ်ပေးလိုက်ရတယ်ဆိုပြီး စိတ်ဖြေချင်လို့ပါ" ဟု ဆိုတတ်သည်။

သနားစဖွယ် တောင်းပန်သူများကြောင့် အားနာပါးနာ ဆေးထိုးလိုက်သော ဆရာဝန်သည် ကံမကောင်း အကြောင်းမလှလျှင်...

"အမယ်လေး... အပ်နှုတ်လိုက်တာနဲ့ သေတာပဲ။ ခုနတုန်းက အကောင်းကြီး" ဟု မျက်ရည်လည်ရွဲ ငိုယိုသံကြားရနိုင်သည်။ ဆေးကုလာသော သက်တမ်းတစ်လျှောက် မမေ့နိုင်စရာ အဖြစ်အပျက်များ ရှိခဲ့ပါသည်။

*

ထိုနေ့က အူကျွံနေသော (Hernia) ခွေးတစ်ကောင်၊ နို့ကျိတ် (Mammary Glad Tumor) ခွဲထုတ်ရမည့် ခွေးမတစ်ကောင်တို့ကို ကြိုတင် ချိန်းထားသည့်အတိုင်း နံနက်ပိုင်းမှ စတင်ခွဲစိတ်နေခဲ့သည်။ ခွဲစိတ်ကုသမှုများ လုပ်လျှင် ဇင်တို့ တိရစ္ဆာန်ဆေးကုဆရာဝန်များသည် မေ့ဆေးလည်း ကိုယ်၊ ခွဲစိတ်လျှင်လည်း ကိုယ်၊ ခေါင်းကအစ အမြီးအဆုံး တာဝန်ယူရလေသည်။

အော်ပရေးရှင်း (Operation) များနှင့် တော်တော်အကျိုးပေးသော ဇင်သည် နို့ကျိတ်ခွဲထုတ်ရမည့် ခွေးကို ခွဲစိတ်နေစဉ် ကြောင်တစ်ကောင်က အရေးပေါ် ရောက်လာသည်။

ထိုကြောင်မှာ ညှပ်ရိုးကျဉ်း၍ မမွေးနိုင် ဖြစ်နေသည်။ အပြင်သို့ တစ်ဝက်ထွက်နေသော ကြောင်ကလေးက သေနေပြီ။ ထိုကြောင်မကို ဗိုက်ခွဲမွေးမှ ရမည်ဟု ပြောသည့်အခါ ပိုင်ရှင်က တစ်နေသော ကြောင်ကလေးကို ဖြတ်တောက်ပေးရန် (Feototomy လုပ်ပေးရန်) တောင်းဆိုသည်။ ဇင်က အထဲမှာ

ကြောင်ကလေးများ ကျန်နေသေးသည့်အတွက် ထိုကဲ့သို့ လုပ်ပေးရန် မဖြစ်နိုင်ကြောင်း အာပေါက်မတတ် ရှင်းပြမှ ခွဲစိတ်ရန် သဘောတူသည်။ တန်းလန်းဖြစ်နေသော ကြောင်ကလေးကို ဆွဲထုတ်ရန် မည်မျှ ကြိုးစားထားခဲ့သည် မသိ။ ကြောင်မခမျာ အလွန်အားပျော့ ပင်ပန်းနေရှာသည်။

သားအိမ်ကို ခွဲပြီး ကြောင်ကလေး တစ်ကောင်ကို ဆွဲထုတ်လိုက်ချိန်တွင် ကြောင်မက ရုတ်တရက် အသက်ရှူရပ်သွားသည်။ သတိထားနေခဲ့သော ဇင်သည် ဗိုက်ခွဲနေသည်ကို ခေတ္တရပ်ထားပြီး ကြောင်မပါးစပ်မှ လေမှုတ်သွင်းပေးခြင်း၊ နှလုံးနှင့် အဆုပ်ကို နှိုးခြင်း၊ လိုအပ်သော ဆေးများ ချက်ချင်းထိုးပေးခြင်းတို့ကို တရစပ် လုပ်ပေးရပါသည်။

"ဟီး.... ဟီး... ကြောင်တော့ သေပြီ ထင်တယ်"

"ဒါကြောင့်မို့ မခွဲချင်တာ"

အပြင်ဘက်မှ စကားသံ အမျိုးမျိုးကို လုံးဝဂရုမစိုက်နိုင်။ ကြောင်မ အသက်မှန်မှန် ပြန်ရှူမှ အော်ပရေးရှင်းကို ဆက်ပြီး လုပ်ရသည်။ နို့ဆာ၍ သံပြိုင်အော်ဟစ်နေသော ကြောင်ပေါက်စ သုံးကောင်ကို မြင်မှ ပိုင်ရှင်က မျက်ရည်သုတ်တော့သည်။ စားပွဲကို သန့်ရှင်းရေးလုပ်ပြီး ခွဲစိတ်ကိရိယာများကို ဆေးကြောနေဆဲ ဆိုက်ကားတစ်စီး ရောက်လာသည်။ ဆိုက်ကားပေါ်မှ ဓားခုတ်ခံရသော ခွေးတစ်ကောင်ကို သွေးသံရဲရဲနှင့် တွေ့လိုက်ရသည်။

"ဆရာမရေ... သမီးတော့ ထမင်းအရမ်းဆာနေလို့ လက်တွေ တုန်နေပြီ"

ဆေးခန်းအကူ တပည့်မလေးကို ထမင်းစားစေလျက် တစ်ပင်တိုင်မင်းသမီး ဇင်သာ ပွဲထွက်ရပါသည်။ သွေးညှိနံ့ကို ကျင့်သားမရသော ဆိုက်ကားသမားသည် အပြင်ဘက်မှာ မူးဝေအော့အန်နေရှာသည်။

အချိန်က ညနေ သုံးနာရီ။ နေက်ထပ် ရောက်လာသော ပေးရှင့်

(Patient) မှာ ခွေးမကြီးတစ်ကောင်။ ခွေးမကြီးကို စားပွဲပေါ်ပွေ့ချီ တင်လိုက်ချိန်တွင် ပုပ်လှောင်သော အနံ့တထောင်းထောင်းမို့ ဇင်ကိုယ်တိုင်ပင် မူးမူးမိုက်မိုက် ဖြစ်သွားသည်။

"ဗိုက်ခွဲချင်လို့ပါ ဆရာမ"

"ဟင်… ကလေးမွေးရက် တန်းလန်းကြီးပါလား၊ ဘယ်အချိန်က မွေးတာလဲ"

"တွေ့တာတော့ ကြာသပတေးနေ့ကတည်းကပါ"

"ကြာသပတေးနေ… ဒီနေ့ တနင်္လာနေ့ ဆိုတော့ ငါးရက်တောင် ရှိသွားပြီ၊ ကလေးတွေအားလုံး သေနေလောက်ပြီ"

"အမြန်သာ ခွဲပေးပါ ဆရာမရယ်၊ နောက်မှ မေးပါ"

ခွေးမကြီး အခြေအနေ မကောင်းပေ။ မျက်လုံးအစုံက တစ်နေရာတည်းကို စိုက်ကြည့်ပြီး ငြိမ်သက်နေသည်။ တစ်နေကုန် ကြဲထားရသော ပွဲဆက်ကလည်း များပြီမို့ မတ်မတ်ရပ်နိုင်အောင် အားတင်းပြီး လိုအပ်သော စစ်ဆေးမှုများ ဆက်တိုက်လုပ်လိုက်ပါသည်။ ခွဲစိတ်နေရင်း သေဆုံးခြင်း (Dead on the table) ဖြစ်နိုင်သည်ကို ခန့်မှန်းမိသော ဇင်သည် ဥပါယ်တံမျဉ်ဖြင့် စကားစရပါသည်။

"အော်ပရေးရှင်းလုပ်ဖို့ ခွဲစိတ် ကိရိယာတွေကို ပိုးသတ်လိုက်ဦးမယ်၊ အစ်မကြီးတို့ခွေးက အခြေအနေ မကောင်းဘူး"

ခွဲစိတ်ကုသမှုလုပ်ရန် သွက်သွက်လက်လက် ပြင်ဆင်နေသော ဇင့်ကို ဆေးခန်းအကူလေးက ထမင်းနှစ်ဇွန်း၊ သုံးဇွန်း လာခွံ့သည်။ ထိုအခိုက် နှလုံးခုန်နှုန်း အလွန်နှေးကွေးနေသော ခွေးမကြီးသည် အင့်ခနဲ နင့်နင့်နဲနဲ ညည်းညူပြီး အကြောတစ်ချက်ဆွဲကာ ငြိမ်သက်သွားတော့သည်။ ဇင်က နှလုံးနှင့် အဆုတ်ကို

နှိုးခြင်းလုပ်ပေးသော်လည်း မထူးတော့ပေ။

"ချက်ချင်းခွဲပေးပါ ဆိုတာကို အချိန်ဆွဲပြီး ထမင်းစားနေသေးတယ်၊ ဆရာဝန်စိတ် မရှိတဲ့ ဆရာဝန်နဲ့ တွေ့တာ ငါ့သမီး ကံဆိုးတာပဲ။ ဖြစ်မှဖြစ်ရလေ ဟီး...ဟီး"

"အခြေအနေမကောင်းတဲ့ ပေးရှင့်မို့ မခွဲပါနဲ့တော့လို့ ကျွန်မ ပြောခဲ့ပါတယ်၊ အစ်မတို့ခွေးက မခွဲလည်း သေမှာပဲ၊ ခွဲနေရင်းလည်း သေနိုင်တာပဲ၊ အစ်မတို့ ငါးရက်လုံးလုံး အချိန်ဆွဲခဲ့တာနဲ့စာရင် ကျွန်မ ထမင်းစားနေတဲ့ ငါးမိနစ်က ဘာမှ မကြာပါဘူး အစ်မရယ်"

ဇင် ထောက်ပြသည့် အချက်က မှန်ကန်နေ၍ သူမ ဘာမှ မပြောနိုင်ဘဲ တအိအိ ငိုနေပါသည်။ အတူပါလာသူ လူကြီးကသာ သတိတရ ပြောလိုက်သည်။

"ကလေးတွေ ရှင်နေသေးလားလို့ ခွဲပေးပါလား ဆရာမ"

ခေါင်းကလေးများမှာ ပုပ်ပွနံစော်နေချေပြီ။ သူတို့အားလုံး ပြန်သွားချိန်မှာ ခြေလက်ပင် မသယ်ချင်လောက်အောင် ပင်ပန်းလှပြီ ဖြစ်သည်။

ဆေးခန်းအကူလေးက ဆေးခန်းအနီးမှာသာ နေသူမို့ အိမ်ပြန်ရောက်နေလောက်ပြီ။ ထိုညက ဇင်သည် လရောင်အောက်မှာ တိတ်ဆိတ်လေးကန်စွာ လျှောက်လှမ်းရင်း `ဆရာဝန်စိတ်မရှိတဲ့ ဆရာဝန်' ဟူသော စကားကို စိတ်မကောင်း ဖြစ်နေခဲ့သည်။

ကျောင်းပိတ်ရက်တွင် ခေတ္တပြန်လာသော ဆရာ့ကို တိုင်တည်ပြောပြမိသည်အထိ ဇင့်ရင်ထဲမှာ တအုံနွေးနွေး ရှိနေခဲ့သည်။

"ငါ့တပည့်လေးကို ဆေးကုသတဲ့လမ်းကြောင်းပေါ် တင်ပေးမိတာ အလုပ်ထဲက ထွက်ကို မထွက်နိုင်တော့ဘူး၊ ဘာမဆို အသင့်အတင့် နှလုံးသွင်းတတ်ရတယ် တပည့်ရဲ့။ သိပ်မခံစားရဘူး၊ ပြောတဲ့လူကဖြင့်

မေ့နေလောက်ပြီ"

အိမ်မွေးတိရစ္ဆာန်များကို ကုသခြင်းသည် အလွန်သံယောဇဉ်ဖြစ်စရာ ကောင်းသောအလုပ် ဖြစ်သည်။ မိုးလင်းမိုးချုပ် အလုပ်ထဲမှာ နစ်လွန်းသော ဇင့်ကို ဆွေမျိုးတွေက မေးငေါ့ကြသည်။ အပြစ်ရှိသည်ဟု တစ်စုံတစ်ယောက်က ပြောခဲ့လျှင် ထိုအပြစ်မှာ အလုပ်သံယောဇဉ် ကြီးလွန်းသော ဇင့်ရဲ့ စိတ်သာ ဖြစ်သည်။

လပေါင်းများစွာ ကုန်လွန်ပြီးနောက် ဆရာဝန်စိတ် မရှိဘူးဟု ပြောခဲ့သော အစ်မကြီးက နောက်ထပ် ခေါးကလေး နှစ်ကောင်နှင့် ရောက်လာသည်။ ဇင်ကို စိတ်မကောင်းဖြစ်အောင် ပြောခဲ့ဖူးသော သူ မဟုတ်သလိုပင်။ ကြည်ကြည်လင်လင်နှင့် ဖြစ်နေတော့ ဆရာ ပြောတာ မှန်သားပဲဟု ကျေနပ်စွာ လက်ခံရလေသည်။

သူငယ်ချင်းတစ်ယောက်၏ မင်္ဂလာဆောင်မှာ စီနီယာတန်းမှ အစ်မကြီးနှစ်ယောက်နှင့် ဆုံတွေ့ရသောကြောင့် ဇင် အားရဝမ်းသာ နှုတ်ဆက်မိသည်။

"ဇင်... ဆေးခန်းထိုင်တာ အဆင်ပြေရဲ့လား"

"မဆိုးပါဘူး မမ၊ လမ်းလျှောက်တတ်ခါစ ကလေးတွေလိုပေါ့၊ အစမှာ ယိုင်လဲမလို ဖြစ်လိုက်၊ လဲကျလိုက်၊ ပြန်ကုန်းထလိုက်၊ တဖြည်းဖြည်း လျှောက်ရင်း လျှောက်ရင်းနဲ့ ခရီးနည်းနည်း ပေါက်လာပါပြီ"

"ဇင်ရယ်.. ကျောင်းတုန်းက ဒီလောက် ဂုဏ်ထူးတွေ ထွက်ခဲ့တာ နှမြောစရာ၊ ကျောင်းမှာလည်း ဆရာမ မလုပ်၊ ဝန်ထမ်းလည်း မလုပ်ဘူး"

"ဘဝပေးအခြေအနေ အလိုကျပေါ့ မမရယ်၊ ပြီးတော့ ဇင်က ဆေးကုတဲ့အလုပ်ကို အရိုးစွဲနေပြီလေ"

"အေးပေါ့လေ... ဇင့်ကိုသာ ပြောတာ၊ မမတို့လည်း ဒီလိုပါပဲ"

"အို... တို့ကတော့ မြို့မှာ နေပြီး ခွေးကလေး ဖမ်းချုပ်လို့၊ ကြောင်ကလေး ဖမ်းသွားလို့ ဆိုတာလောက် ဆေးကုနေရတဲ့ ဘဝကို အထင်မကြီးပါဘူး"

"မဟုတ်ဘူး မမရဲ့၊ လက်တွေ့ ကုနေရတဲ့ ကေ့စ်တွေက အဲဒီ လောက် မရိုးစင်းပါဘူး၊ ခုချိန်မှာ ခွေး၊ ကြောင်တွေကို ကာကွယ်ဆေးထိုးရကောင်းမှန်း မသိကြလို့ ကျောက်ရောဂါ၊ သွေးဖမ်းရောဂါတွေလို ကူးစက်ရောဂါ (Infectious disease) တွေ များနေပေမယ့် လူတွေရဲ့ ဗဟုသုတ ကျယ်ပြန့်လာတဲ့အခါ ကူးစက်ရောဂါတွေ နည်းသွားလိမ့်မယ်၊ Chinical Disease လို ရောဂါရှာဖွေ စမ်းသပ်မှုလုပ်မှာ ကုလို့ရတဲ့ ရောဂါတွေ များလာမှာ"

လက်တွေ့ကုသရသော နယ်ပယ်တွင် စိန်ခေါ်မှု အမျိုးမျိုး ရှိနေကြောင်း ရှင်းပြလိုသော်လည်း အခွင့်မသာခဲ့ပေ။ တစ်ခါက Cocker Spaniel ခွေးတစ်ကောင် နားပြည်ယို၍ လာပြစဉ် စိတ်ဝင်တစား ကြည့်နေသော ပိုင်ရှင်က ဇင့်ကို မေးသည်။

"ဒေါက်တာ Antibiotics ပေးဖို့ ဂရပ်ပေ့ါစတစ်ဖ်နဲ့ ဂရမ်နက်ဂတစ်ဖ် ဘယ်လိုခွဲခြားသလဲ၊ တစ်မျိုးတော့ မထင်ပါနဲ့၊ သိချင်လို့ပါ"

"နားထဲက ထွက်လာတဲ့ အညစ်အကြေး (Exudate) အရောင်ကို ကြည့်ပြီး ပေးရတယ်ရှင့်၊ ဥပမာ - ဝါညိုရောင် ဆိုရင် Streptococcus ဘက်တီးရီးယား၊ အညိုရောင်ဆိုရင် Staphylococcus ဘက်တီးရီးယား၊ အခု ဒီခွေးက Pale yello to green ဆိုတော့ Pseudomonas ဘက်တီးရီးယားပေ့ါ။ သူ့ကိုနိုင်တဲ့ Antibiotice ပေးရတယ်လေ"

"ဒေါက်တာက ကိုယ့်ပရော်ဖက်ရှင်ကို တော်တော် တန်ဖိုးထားတာပဲနော်၊ တချို့က အဲဒီ လိုမေးရင် မကြိုက်ကြဘူး"

ရံဖန်ရံခါ ဘိုးသက်ရှည် ဘွားသက်ရှည် ခွေး၊ ကြောင်တို့ အိုမင်းမစွမ်း ဖြစ်ပြီး လုံးပါးပါး၍ ဆုံးသွားသောအခါ ဆွမ်းကျွေးတရားနာ ကြွရန်

ဖိတ်ကားကြပါသည်။

"ဒါ... ဒေါက်တာဇင်ပေါ့၊ `တိုးပွားကြီး' က ဒေါက်တာ့ လက်ထဲမှာပဲ ဆုံးသွားရှာတာ"

လာသမျှ ဧည့်သည်များကို ဇင်နှင့် မိတ်ဆက်ပေးသည့်အခါ ဇင့်ခမျာ ရယ်မောနှုတ်ဆက်ရမလား၊ ဂမ်းနည်းကြေကွဲပြရမလား မတွေးတတ်အောင် ဖြစ်လျက် မချိသွားဖြဲ လုပ်နေရသည်။ ကြာတော့လည်း အိမ်မွေးတိရစ္ဆာန်များကို မိသားစုဝင်လို သဘောထား ချစ်ခင်သည့် ဇင့်မိတ်ဆွေများ၏ မေတ္တာစေတနာကို စာနာနားလည်လာပြီး ထုသားပေသား ကျလာခဲ့ပြီ။

ခွဲစိတ်ကုသရသော ကေ့စ် (Case) များနှင့် ကြုံလျှင်...

"ဒေါက်တာ ဒါမျိုး ခွဲဖူးရဲ့လား"

"ဖြစ်မှ ဖြစ်ပါ့မလား" ဆိုသည့် သံသယ မေးခွန်းများကို အလုပ်နှင့်သာ သက်သေပြခဲ့ရသည်။

"ခွဲပြီးရင် ရှင်မယ်လို့ အာမခံမှာလား" ဆိုသည့် မေးခွန်းကိုမူ...

"ဆရာမဘက်ကတော့ အတတ်နိုင်ဆုံး၊ အကောင်းဆုံးဖြစ်အောင် ကုသပေးမှာပါ၊ အသက်ဆိုတာကတော့ မိုးနတ်မင်းနဲ့ပဲ ဆိုင်တယ်လေ" ဟု ဆိုလိုက်လျှင် သူတို့ အချစ်တော်များ ခွဲစိတ်ခံရမှာတွေးပြီး ပူပင်စိုးရွံ့နေသူများကို ဇင့် အပြောမှာ ရယ်မော၊ စိတ်ပြေစေလေသည်။

*

သည်နှစ်ဆောင်းကား အလွန်အေးလှသည်။ မမကြီးကတော့ ဇင့် ဆေးခန်းကလေးကို `စာကလေးအိမ်' ဟု တင်စားပါသည်။

"ညီမလေးက မိုးလင်းလာရင် တက်သုတ်ရိုက်ပြီး သူ့ရဲ့ စာကလေးအိမ်ထဲ ဝင်သွားရော၊ ညမိုးချုပ်မှ ပြန်ထွက်လာပြီး အိမ်မှာ

အိပ်တန်းတက်တယ်" တဲ့…။ ဇင်ရဲ့ စာကလေးအိမ်ကလေးက ရာသီဥတု ပူလျှင် တစ်ကိုယ်လုံး စွပ်ပြုတ်ဖြစ်မတတ် ပူပြီး ပြင်ပပတ်ဝန်းကျင် အေးမြသည်နှင့် ချက်ချင်း အေးမြသွားတတ်ပါသည်။ သည်ဆေးခန်းကလေးထဲမှာ တစ်ရက်ပြီးတစ်ရက်၊ တစ်လပြီးတစ်လ၊ တစ်နှစ်ပြီးတစ်နှစ် နွေမိုးဆောင်းကာလသုံးပါးစလုံး ဖြတ်သန်းခဲ့ရသည်။ အောင်မြင်မှုနှင့် လက်လွှတ်ဆုံးရှုံးရမှုတွေ ကြားမှာ ဘဝအတွေ့အကြုံ ရင့်ကျက်စေခဲ့သော အလုပ်ဌာနကလေးကို ဘယ်လောက်ကျဉ်းကျဉ်း၊ ဘယ်လောက်ပူပူ၊ ဘယ်လောက်အေးအေး ဇင် မြတ်နိုးလှပါသည်။

လွန်ခဲ့သော ငါးရက်က စာကလေးအိမ်ထဲမှာ အချေအတင် ငြင်းခုံခဲ့ရသည်။ တန်ဖိုးမနည်းလှသော Rottweiler ခွေး၏ ပိုင်ရှင်က ဆေးပညာဗဟုသုတ ရှိသော်လည်း ဆေးလောကနှင့် အလှမ်းဝေးနေသူ။ အသက် နှစ်လသားခန့် ကတည်းက ကာကွယ်ဆေး ထိုးရန် အကြိမ်ကြိမ် တိုက်တွန်းခဲ့သော်လည်း ခွေးရူးကာကွယ်ဆေးသာ ထိုးသည်။ နောက်မှ လာထိုးမယ်ဟု ပြောပြီး ပေါ်မလာတော့ပေ။ ပေါ်လာချိန်မှာ ခွေးက ခွေးကျောက်ရောဂါ (Distemper) ဗိုင်းရပ်စ်၏ တိုက်ခိုက်မှုကြောင့် ဦးနှောက်ရောင် (Encephalitis) သည့်အဆင့် ရောက်နေချေပြီ။

"ဖေဖေက သူ့ဘာသာသူ ဆေးတွေ တိုက်ပြီး ကျိတ်ကုနေလို့ ဒီလောက်အခြေအနေ ဆိုးသွားတာ မမရဲ့၊ သမီးကို ပြောလည်း မရဘူး"

သမီးဖြစ်သူက ဇင့်ကို တိုးတိုးကျိတ်၍ ပြောပါသည်။

"ဆရာမ… ကျွန်တော့်ခွေး ဘာဖြစ်နေတာလဲ"

"ခွေးကျောက်ရောဂါ ဗိုင်းရပ်စ်ဝင်လို့ ဦးနှောက်ရောင်တဲ့အဆင့် ရောက်နေပြီ"

"Streptomycin မရှိဘူးလား၊ အဲဒါ ထိုးပေးပါ"

"မရဘူးရှင့်၊ ဗိုင်းရပ်စ်ကြောင့် ဖြစ်တာကို Antibiotic နဲ့ကုလို့မှ မရတာ ၊ ရောဂါလက္ခဏာကို လိုက်ပြီး ဘက်တီးရီးယားအတွက် ပေးမယ်ဆိုလည်း Bloodbrain bharrier ကို ဖြတ်တဲ့ Antibiotic ကိုသာ ပေးရတယ်"

ဇင် အတတ်နိုင်ဆုံး ကြိုးစားကုသော်လည်း ခွေးက မသက်သာဘဲ တစ်နေ့တစ်ခြား အခြေအနေ ဆိုးရွားလာသောကြောင့် ရောဂါအခြေအနေကို ရှင်းပြပြီး လက်လျှော့ရပါသည်။ ထိုအချိန်မှာ ပိုင်ရှင်က တစ်စခန်း ထလာတော့သည်။

"ဒါ... ခွေးရူးရောဂါ မဟုတ်လား၊ ခွေးရူးဖြစ်လို့ သွားရည်တွေ ကျနေတာ၊ ဆရာမ Diagnosis မှားနေတာ မဟုတ်လား"

"သူ ဖြစ်နေတဲ့ ရောဂါက ခွေးကျောက်ရောဂါ၊ ဦးရဲ့ခွေးက ဒီတစ်ရက်၊ နှစ်ရက်အတွင်း ဆုံးမှာပဲ၊ ဒါပေမယ့် ခွေးရူးရောဂါ မဟုတ်ဘူး"

"ဟုတ် မဟုတ် ကျုပ်စစ်ကြည့်မယ်၊ သူ သေရင် သူ့ခေါင်းကို ပို့ပြီး စစ်မယ်၊ ဆရာမရဲ့ ထင်မြင်ချက်တွေ၊ Sign and Sympton တွေ ဘာမှ ရေးမပေးပါနဲ့"

"ဦး ကြိုက်သလို စစ်ကြည့်ပါ၊ ထွက်လာတဲ့ Result ကိုသာ ယူလာခဲ့ပါ"

"ယူလာမှာပါ၊ အဲဒီ ကျမှ ဘယ်သူမှန်လဲ ဆိုတာ ကြည့်ကြတာပေါ့"

ဖခင်ကို မလွန်ဆန်ရဲသော သမီးကလေးက ဇင့်ကို တောင်းပန်ကြည့်နှင့် လိုက်ပါသွားပါသည်။

ထိုအဖြစ်အား ပြန်တွေးနေမိသော ဇင်သည် `ပညာနဲ့ ဝန်ဆောင်မှု ပေးနေရတဲ့ ဇင်တို့အလုပ်က မမကြည်ဝေ ထင်သလောက် မရိုးစင်းပါဘူး� ဟု စိတ်ထဲက ပြောနေမိသည်။

ဆောင်း၏ အအေးဓာတ်က အမှောင်ထုနှင့်အတူ တစ်စတစ်စ

သိပ်သည်းလာချေပြီ။ တစ်ညနေလုံး စာကလေးအိမ်ထဲမှာ အလုပ်ရှုပ်နေခဲ့သော ဇင်သည် ခြံဝင်းထဲမှ ဖြတ်သန်းလာသော ပန်းရနံ့လေးများကို အားပါးတရ ရှိုက်သွင်းလိုက်မှ အနည်းငယ် လန်းဆန်းသွားသည်။ ပြန်ရန်ပြင်ဆင်နေခိုင် အမှောင်ထဲတွင် ရပ်နေသော ကားတစ်စီးထဲက လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။ ဆေးခန်းဂမှာ ပေါ်လာသူက ဇင့်ကို စိန်ခေါ်သွားသော လူကြီး။

"ဆရာမ ပြောတာ မှန်တယ်၊ ကျွန်တော့်ခွေးရဲ့ ဦးနှောက်ထဲမှာ ခွေးရူးရောဂါပိုး မရှိဘူးတဲ့၊ ဒီမှာ Resulf ပါ၊ နောက်ထပ် ခွေး မွေးရင် ကာကွယ်ဆေးတွေ သေသေချာချာ ထိုးပါ့မယ်"

ဓာတ်ခွဲခန်း အဖြေစာရွက်ကို ကြည့်ရင်း ပညာရပ်၏ အနှစ်သာရကို ဇင် ကျေနပ် အားရနေမိသည်။ ဇင့် သူငယ်ချင်းတစ်ယောက် ပြောဖူးသည်။

လူအများရှေ့မှာ စိန်ခေါ်တာ၊ သရော်မော်ကား ပြောဆိုခဲ့တာတွေ လူကွယ်ရာမှာ တိတ်တဆိတ် ဝန်ချတောင်းပန်ရင် ဘယ်တော့မှ မကျေအေးနိုင်ဘူး.... တဲ့။ ဇင်ကတော့ ခွင့်လွှတ်ကြည်ဖြူနိုင်ပါသည်။ ထိုလူတို့သည်ပင် ရေရှည်ဆက်ဆံ၍ ရသော မိတ်ဆွေကောင်းများ ဖြစ်လာနိုင်သည် မဟုတ်ပါလား။

ဇင်သည် ဇင့်ရဲ့လက်ချောင်းလေးများကို လရောင်အောက်မှာ ဖြန့်ကြည့်မိသည်။ ဇင် မည်မျှ အလုပ်လုပ်ခဲ့ရသည်ကို ဇင့်လက်ချောင်းလေးများက အသိဆုံး ဖြစ်သည်။ သည်လက်ချောင်းများပေါ်မှာ ကြောင်ကုတ်ခံရသော ဒဏ်ရာ၊ ခွေးသွားစွယ်နှင့် ခြစ်မိသော ဒဏ်ရာ၊ အပ်နှင့် ထိုးမိသော ဒဏ်ရာ၊ ဆေးပုလင်းခွဲ စူးရှသည့်ဒဏ်ရာ၊ ခွဲစိတ်ဓား ထိရှသည့် ဒဏ်ရာတို့ကို အမာရွတ်ထင်ပြီး မကျန်ခဲ့ပေမယ့် မရေတွက်နိုင်အောင် များလှပြီ။ အလုပ်ခွင် သိမ်းပြီး ညဘက်မှ အိမ်ပြန်လာသော မိန်းကလေးများကို အထူးအဆန်းသဖွယ် ကြည့်တတ်ကြသည့် ခေတ်ကိုလည်း ကျော်ဖြတ်ခဲ့ဖူးပြီ။

မိန်းကလေးတစ်ယောက် ကိုယ်ပိုင်အရည်အချင်းနှင့် ရပ်တည်နိုင်လာလျှင် ဘာမှ မစူစမ်းဘဲ မလိုတမာ ပြောဆိုတတ်သူများကိုလည်း တွေ့ကြုံရဖူးပြီ။

ဖြတ်သန်းခဲ့သော ကာလတစ်လျှောက်မှာ ပညာကို မှတ်ကျောက်တင်နိုင်ခဲ့သည့် အဖြစ်ကတော့ ဇင့်ကို ချမ်းမြေ့ပီတိ ဖြစ်စေလေသည်။ ညသည် တဖြည်းဖြည်း နက်ရှိုင်းလာသည်။ ဖြာကျနေသည့် လရောင်အောက်မှာ ကြည်နူးစွာ လမ်းလျှောက်ရင်း ဘဝမှာ သည်လိုသာယာလှပတဲ့ လသာညမျိုးလည်း ရှိနေပါသေးလားဟု ခံစားနေမိသည်။

သည်ကွန်းရိပ်မှာ ဇင် ပျော်နေလိမ့်ဦးမည် ဖြစ်ပါသည်။

**မွေးမြူဆေးကုတက္ကသိုလ်ရွှေရတုမဂ္ဂဇင်း၊ နိုဝင်ဘာလ ၂၀၀၇ ခုနှစ်၊**

**ချယ်ရီ၊ ဧပြီလ ၂၀၀၈ ခုနှစ်။**

*